ကြေးမုံ
The Mirror

၁၉၅၇ ဇြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့  (23-11-2015)  (၈၃၉၃)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-နယူးဇီလန် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်

ကွာလာလမ်ပူ  နိုဝင်ဘာ  ၂၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့တွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အာဆီယံ-နယူးဇီလန် နှစ် (၄၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့ အာဆီယံ-နယူးဇီလန် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (ပြန်/ဆက်)




ကြေးမုံစာတည်းရှုထောင့် **၂၃-၁၁-၂၀၁၅၊ တနင်္လာနေ့**

# လူအချင်းချင်းချစ်ခင်ခြင်း

မျက်မှောက်ကာလ အချို့လူမှုဘဝနယ်ပယ်များ၌ လူလူချင်းပေါင်းသင်းဆက်ဆံရာတွင် မေတ္တာတရားနည်းပါးလာသည်ဟု ဆိုချင်သည်။ ထိုပုဂ္ဂိုလ်များကို သာမန်ပုထုဇဉ်များ၊ အတ္တများသူများဟု နားလည်ကြမည်ဖြစ်သည်။ မေတ္တာတရားသည် တန်ဖိုးကြီးမားသောအရာ၊ မြင့်မြတ်သော တရားဖြစ်၍ လူကိုလူချင်းတန်ဖိုးထားသူ၊ လူသားချင်းစာနာထောက်ထားသူ၊ မြင့်မြတ်သောကိုယ်ကျင့်တရားများရှိသူတို့ကိုသာ မေတ္တာတရားထားနိုင်သူဟု ဆိုရမည်ဖြစ်သည်။

ဤလောက၌ တစ်ဦးအပေါ်တစ်ဦး ရန်လိုအမုန်းပွားမှု၊ တစ်ဦးအပေါ်တစ်ဦးနှိပ်စက်ညှဉ်းပန်းမှု၊ တစ်ဦးအပေါ်တစ်ဦး ကောက်ကျစ်စဉ်းလဲမှု၊ တစ်ဦးအပေါ်တစ်ဦးလိမ်ညာပြောဆိုမှု၊ တစ်ဦးအပေါ်တစ်ဦး မုဒိတာမထားနိုင်မှုများကို မြင်တွေ့လာရသည့်အပြင် တစ်ဦးနှင့်တစ်ဦး ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ခြင်းများအထိ ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့်လည်း မေတ္တာသုတ်တော်လာ မေတ္တာပို့နည်း ၁၁ နည်းတွင် လုံးစုံများစွာ သတ္တဝါ၊ ကြောက်တတ်မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ၊ မြင်အပ်မမြင်အပ်နှစ်ရပ်များစွာ သတ္တဝါ၊ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ၊ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ၊ ရှည်တိုအလတ်သုံးရပ်ခန္ဓာသတ္တဝါ၊ ကြီးငယ်အလတ်သုံးရပ်ခန္ဓာသတ္တဝါ၊ ဆူကြုံအလတ်သုံးရပ်ခန္ဓာသတ္တဝါတို့အားလုံး ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်ဝေးငြိမ်းအေးကြပါစေဟု ဆိုထားပါသည်။

ထို့အပြင် မျက်မှောက်ကာလဖြစ်ရပ်များနှင့် အကျုံးဝင်နေသော လူအချင်းချင်း လှည့်ပတ်ခြင်းကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေဟူသည့် မေတ္တာပို့နည်းသုံးနည်းကို ကြိုတင်မြော်မြင်၍ ဆရာပညာရှိများက ထည့်သွင်းထားဟန်တူပါသည်။ ထိုသို့ ထည့်သွင်းထားသည့်အတိုင်း လူမှုဘဝနယ်ပယ်အချို့တွင် လူအချင်းချင်း လှည့်ပတ်ခြင်း၊ အထင်သေးခြင်း၊ ဆင်းရဲစေလိုခြင်းများ ရှိလာသဖြင့် ထိုမေတ္တာတရားများကို ဝိုင်းဝန်းပို့သခြင်းဖြင့် ငြိမ်းအေးချမ်းသာအောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါသည်။

ခေတ်သစ်ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာဖြစ်လာပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများမှာလည်း တစ်နေ့တခြား မြင့်မားတိုးတက်လာသည်။ တရားစကား၊ ဥပဒေစကားနှင့်ပြောမည်ဆိုပါက ဆိတ်ကွယ်ရာကိစ္စ၊ ဆိတ်ကွယ်ရာအရပ် ဟူ၍မရှိသလောက်ဖြစ်လာပါသည်။ ပန်းသတင်းလေညင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုသကဲ့သို့ တစ်ဆင့်စကား တစ်ဆင့်နားသို့ ဆက်သွယ်ပြောကြား သိရှိလာသည်။ ယခုအခါ နည်းပညာစနစ်၏ တိုးတက်ဖြစ်ထွန်းမှုများကြောင့် ဒိဗ္ဗစက္ခုအာရုံခံသကဲ့သို့ မိမိတို့ပြုလုပ်သမျှ အကောင်းအဆိုးမှန်သမျှတို့ကို ချက်ချင်းလက်ငင်း မြင်တွေ့ကြားသိလာရပါသည်။

ထိုသို့ကြားသိလာရသည့်အလျောက် မကောင်းမှုဟူသမျှတို့ကို မေတ္တာပွားရုံသာမက သိရှိသမျှအားလုံးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်တကွ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းကပါ ဝိုင်းဝန်းဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်လာပါသည်။ အသိပညာပေးမှုများအပြင် ထိရောက်စွာ ဟန့်တားအရေးယူမှုများလည်း ရှိဖို့လိုအပ်လာပါသည်။ သို့မှသာ လူအများ ဘေးကင်းရန်ကွာ လွန်ချမ်းသာမည်ဖြစ်သည်။

အမည်နာမ၊ ဂုဏ်ဒြပ်ခွဲခြားထား၍ ကွဲပြားခြားနားနေခြင်းဖြစ်ပါသည်။ အယူဝါဒ၊ ယုံကြည်မှုမတူ၍သာ ကွဲပြားခြားနားနေခြင်းဖြစ်ပါသည်။ အမှန်တွင် ထိုသတ်မှတ်ချက်များကို ဖယ်ရှားလိုက်လျှင် အားလုံးသည် လူသားများသာဖြစ်ပါသည်။ လူသည် လူသာဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး နှိမ့်ချဆက်ဆံရန်မရှိ၊ နှိပ်စက်ညှဉ်းပန်းရန်မရှိ လူကိုလူချင်း ကောင်းမွန်စွာဆက်ဆံတတ်ရန် လိုအပ်ပါသည်။

ဘဝသံသရာတစ်လျှောက်လုံးတွင် လူသတ္တဝါအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ကောင်နှင့်တစ်ဦး၊ တစ်ကောင်နှင့်တစ်ကောင် ပတ်သက်ခဲ့ကြသည်သာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကျေးဇူးပြုခဲ့ကြသူများသာဖြစ်သည်။ ထို့ကြောင့် လူသားအားလုံး၊ သတ္တဝါအားလုံးတို့အား ချစ်ခင်လေးစား တန်ဖိုးထားကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ရေနစ်မြုပ်သည့်လယ်မြေများတွင် ပြန်လည်စိုက်ပျိုးသောမိုးစပါးများ အောင်မြင်ဖြစ်ထွန်း

**ကလေး နိုဝင်ဘာ ၂၂**

ကလေးမြို့နယ်တွင် ယခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး နေရဥ္စရာနှင့်မြစ်သာမြစ်ရေများ ရေကြီးရေလျှံမှုဖြစ်ပွားခြင်းကြောင့် မိုးစပါး ၂၉၇၁၂ ဧက ရေနစ်မြုပ်ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးဧရိယာအပေါ် မိုးစပါး ၁၂၈၈၆ ဧက ပြန်လည်စိုက်ပျိုးခဲ့ရာ ပြန်လည်စိုက်ပျိုးသည့် မိုးစပါးစိုက်ခင်းများသည် ပုံမှန်စိုက်ခင်းများနည်းတူ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၁ ရက်က ကလေးမြို့နယ် မောက်လင်းကျေးရွာအုပ်စု ကွင်းအမှတ် (၇၉၅/၄) ဦးပိုင်အမှတ် ၁၁ ဧရိယာ သုည ဒသမ ၉၇ ဧကပေါ်၌ စိုက်ပျိုးထားသည့် ဦးဆန်းညွန့်ဦး၏ ရောမင်းမိုးစပါးစိုက်ခင်း၌ ကျင်းပခဲ့သည်။ စံကွက်ရိတ်သိမ်းရာတွင် ရောမင်းမိုးစပါးကောင်းအဆင့် တစ်ဧကအထွက်နှုန်း ၁၀၁ ဒသမ ၅၆ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောသတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ခဲ့သော်လည်း အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းများကို စစ်ဆေးခြင်း၊ အထွက်နှုန်းသိရှိရန် စံကွက်ရိတ်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

စပါးစိုက်ပျိုးသူ တောင်သူဦးဆန်းညွန့်ဦးက ယခုစိုက်ပျိုးသောလယ်ယာမြေသည် ယခင်နှစ်ကရေနစ်မြုပ်ခြင်းမရှိသော်လည်း တစ်ဧကလျှင်တင်း ၈၀ ခန့်သာထွက်ရှိကြောင်း၊ ယခုနှစ်တွင် ရေနစ်မြုပ်ပျက်စီးခဲ့သော်လည်း ရေကျပြီးပြီးချင်း ပြန်လည်စိုက်ပျိုးခဲ့ရာ မိုးမပြတ်ရွာသွန်းခဲ့မှု၊ သဘာဝနုန်းတင်မြေနုမြေဆီလွှာ ရရှိမှုတို့ကြောင့် ယခင်နှစ်အထွက်နှုန်းထက်ပင် ပိုမိုထွက်ရှိကြောင်း ပြောသည်။

စပါးပြန်လည် မစိုက်ပျိုးနိုင်သည့် ဧရိယာများကိုလည်း ဆောင်းသီးနှံများ အစားထိုး စိုက်ပျိုးသွားမည်ဖြစ်ပြီး လယ်ယာမြေဖုံးလွှမ်းခဲ့သောသစ်တုံးများ ဖယ်ရှားပေးခြင်း၊ လယ်ယာမြေ အခမဲ့ထွန်ယက်ပေးခြင်း၊ ဆောင်းသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းများရှိသဖြင့် ရေဘေးသင့် တောင်သူများ၏ စီးပွားရေးများ ပြန်လည်ထူထောင်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**



## ပြည်သူ့ဝန်ဆောင်မှုရုံး တောင်တွင်းကြီး၌ဖွင့်

**တောင်တွင်းကြီး နိုဝင်ဘာ ၂၂**

တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop-OSS)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါရုံးသည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို တစ်နေရာတည်းအပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဦးစီးဌာန ကိုးခုမှ ဝန်ထမ်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၈၀)**




## ဆေးယဉ်ပါးတီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

**မလှိုင် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အထက်မြန်မာပြည် အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ကမ္ဘာ့ရန်ပုံငွေ အဖွဲ့တို့ပူးပေါင်း၍ ဆေးယဉ်ပါးတီဘီရောဂါနှင့် တီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှု သင်တန်း(Training on TB \MDR-TB Management for BHS )ကို နိုဝင်ဘာ ၁၈ ရက်မှစတင်၍မလှိုင်မြို့ပြည်သူ့ဆေးရုံကြီး သံဃာဆောင်၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် တီဘီရောဂါနှင့် ပတ်သက်၍ စောစောသိ၊ စောစောကုနိုင်ရန်နှင့် အဓိကအနေဖြင့် ဆေးယဉ်ပါး တီဘီရောဂါဖြစ်နိုင်သည့် ယခင်တီဘီဆေးခြောက်လစား(သို့မဟုတ်) ရှစ်လစားပြီးလူနာများနှင့် တီဘီဆေးကုသရာတွင် ကုသမှုမအောင်မြင်သည့် လူနာများ၊ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရသည့်လူနာများ၊ ဆေးယဉ်ပါးတီဘီရောဂါသည်နှင့် အတူနေမိသားစုများကို ဆေးယဉ်ပါးတီဘီရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လူနာများကို စစ်ဆေးပြီး မလှိုင်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့နိုင်ရေး သင်ကြားပို့ချခဲ့သည်။

သင်တန်းကို အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန္တာသွင်နှင့်ဆရာဝန်သုံးဦးတို့က နိုဝင်ဘာ ၁၈ရက်မှ ၂၀ ရက်ထိ သုံးရက်ကြာ ပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ တိုက်နယ်ဆရာဝန်များ၊ သူနာပြုအဆင့်(၁) အပါအဝင် ကျန်းမာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ စုစုပေါင်း ၈၉ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

## ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းဆိုင်ရာများ ရှင်းလင်း

**သထုံ နိုဝင်ဘာ ၂၂**

ကုန်သွယ်မှုကဏ္ဍများ အဆင်ပြေချောမွေ့စေနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ နိုဝင်ဘာ ၂၁ ရက်က သထုံမြို့နယ် သုဝဏ္ဏခန်းမ၌ သထုံမြို့နယ်အတွင်းရှိ ကုန်သည်နှင့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှု မူဝါဒဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ တက်ရောက်ခဲ့ကြပြီး ကုန်သွယ်ရေးမူဝါဒများနှင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းမှတ်ပုံတင်ခြင်း လုပ်ငန်းဆိုင်ရာများအနက် ၎င်းတို့ သိရှိလိုသည်တို့ကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားနိုင်ငံ ဝန်ကြီးချုပ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ အေ မက်ဒ်ဗီဒက်ဗ်နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှု၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပခဲ့မှု၊ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်မှု၊ ကုလသမဂ္ဂမှမြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှုတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ အေ မက်ဒ်ဗီဒက်ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (ပြန်/ဆက်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် မြန်မာပညာတော်သင်ကျောင်းသားများအား တွေ့ဆုံ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်၏နေအိမ်၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာတော်သင်ကျောင်းသားများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ပညာတော်သင်ကျောင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**(အောက်ပုံ)**

ယင်းနောက် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



## ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်လုပ်ပွဲ ကြိုတင်ပြင်ဆင်လေ့ကျင့်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပွဲကို နိုဝင်ဘာ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) [တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့)] ညနေ ၄ နာရီခွဲတွင် စေတီတော်ရင်ပြင်ရာဟုထောင့် အောင်မြေ၌ ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပွဲတွင် ယှဉ်ပြိုင်ရက်ခတ်ကြမည့် မြရတနာ၊ ကျောက်စိမ်းရတနာ၊ မဟူရာရတနာ၊ စိန်ရတနာ၊ ပုလဲရတနာ၊ နီလာရတနာ၊ ပတ္တမြားရတနာ၊ ဥဿဖရားရတနာနှင့် သန္တာရတနာစင်တော်ကြီး ကိုးစင်မှ ရက်ကန်းခတ်မိန်းမပျိုများက ယနေ့မှစ၍ ပြိုင်ပွဲကျင်းပမည့် သတ်မှတ်နေရာတို့၌ ကြိုတင်ပြင်ဆင်လေ့ကျင့် ရက်ခတ်နေပြီဖြစ်ကြောင်းသိရသည်။ **(ကိုချစ်)**

## ထူးခြားသည့် ညအပူချိန်များ

| | | | |
|---|---|---|---|
| ဟားခါး | - | သုည | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | - | ၇ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | - | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | - | ၈ | ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီ တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## စိုက်ပျိုးရေးအသိပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၂**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမူမူသိန်းက "သရက်သီးပြည်ပတင်ပို့ရာတွင် ဂရုပြုရမည့်အချက်များနှင့် သီးထိုးယင်ကာကွယ်နှိမ်နင်းနည်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်မှုချုပ်ငြိမ်းရေး ပူးပေါင်းဆောင်ရွက်ရန် ရုရှားနှင့် အမေရိကန်တို့ကို ဘန်ကီမွန်းတိုက်တွန်း

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

အကြမ်းဖက်မှုလုံးဝချုပ်ငြိမ်းပပျောက်စေရေးအတွက် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုဝင်ဘာ ၂၂ ရက်တွင် တိုက်တွန်းလိုက်သည်။

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ကို လာမည့်နှစ်အစောပိုင်းတွင် ထုတ်ပြန်ကြေညာနိုင်ရန် မိမိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဘုံရန်သူဖြစ်သည့် အကြမ်းဖက်မှုကို အပြီးတိုင်ချေမှုန်းနိုင်ရန် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲမဟာဗျူဟာရေးဆွဲချမှတ်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံမှ အကြံဉာဏ်များရရှိနိုင်ရန် မိမိကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘန်ကီမွန်းက အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ပြောကြားသည်။

ဘန်ကီမွန်းသည် နိုဝင်ဘာ ၂၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော ဒသမအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အကြမ်းဖက်သမားများအားလုံးနှင့် ဝါဒသဘောတရားရေးအရ အစွန်းရောက်သူများအားလုံးတို့အပေါ် လူသားဝါဒဖြင့် အနိုင်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါထိပ်သီးအစည်းအဝေးတွင် ဘန်ကီမွန်းက ပြောကြားသည်။

**ရိုက်တာ။**




# ဒေသဆိုင်ရာစီးပွားရေးအသိုက်အဝန်းထူထောင်ရန် အာဆီယံခေါင်းဆောင်များ လက်မှတ်ထိုး




**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

လာမည့်လတွင် စီးပွားရေးအသိုက်အဝန်းသစ်ထူထောင်နိုင်ရေးအတွက် ကတိကဝတ်ပြုသည့်အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် သီးခြားတွေ့ဆုံ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယခုဖော်ဆောင်မည့်စီးပွားရေးအသိုက်အဝန်းသည် အာဆီယံ၏ဂျီဒီပီကို တိုးတက်စေမည်ဖြစ်ပြီး ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံးစီးပွားရေးအသိုက်အဝန်းဖြစ်လာမည်ဖြစ်ကြောင်း အာဆီယံဥက္ကဋ္ဌ မလေးရှားဝန်ကြီးချုပ် နာဂျစ် ရာဇတ်က ပြောကြားသည်။

စီးပွားရေးအသိုက်အဝန်းဖော်ဆောင်မည့်စီမံကိန်းတွင် ဒေသတွင်းသွင်းကုန်များအပေါ် အခွန်ကောက်ခံမှုကို ဖျက်သိမ်းသွားရန်နှင့် ကုန်စည်ဖြန့်ဝေမှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများကို မြှင့်တင်အားပေးသွားရန် တောင်းဆိုခဲ့သည်။ ဆရာဝန်များ၊ ဗိသုကာပညာရှင်များနှင့် အခြားသော ကျွမ်းကျင်ပညာရှင်များကိုလည်း ဒေသတွင်း၌ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်ပြုရန် တောင်းဆိုခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ သွင်းကုန်ပစ္စည်းများအပေါ်ကောက်ခံသည့် အခွန်စည်းမျဉ်းစည်းကမ်း ဖျက်သိမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းသစ်တွင် လူဦးရေ သန်း ၆၀၀ ကျော်ရှိမည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများရရှိရန်အတွက် ယှဉ်ပြိုင်မှုမြင့်တက်သည့် ဈေးကွက်ကိုဖော်ဆောင်သွားရန် ဆန္ဒရှိနေကြသည်။

**အင်န်အိတ်ချ်ကေ။**

## အရှေ့တောင်အာရှနိုင်ငံများ၏ အခြေခံအဆောက်အအုံဆိုင်ရာ ချေးငွေထုတ်ပေးရေး တရုတ်ကမ်းလှမ်း

**ပေကျင်း နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွက် အခြေခံအဆောက်အအုံလုပ်ငန်းဆိုင်ရာ ချေးငွေ ဒေါ်လာ ၁၀ ဘီလီယံ ထုတ်ပေးရန် ကမ်းလှမ်းလိုက်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)၏ ဖွံ့ဖြိုးမှုနည်းပါးနေဆဲဖြစ်သော နိုင်ငံများအတွက် ၂၀၁၆ ခုနှစ်တွင် ယွမ်ငွေ ၃ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ သန်း ၅၆၀)ကိုလည်း တရုတ်နိုင်ငံက ထောက်ပံ့ပေးမည် ဖြစ်ကြောင်း မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူ၌ ကျင်းပသည့် အရှေ့အာရှထိပ်သီးအစည်းအဝေးကာလအတွင်း ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လျူကျန်မင်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ မည်သည့်ဘဏ်က ချေးငွေများ ထုတ်ပေးမည်ဆိုသည်ကိုမူ လျူက ပြောကြားခြင်းမရှိပေ။

တရုတ်နိုင်ငံက ဦးဆောင်သော အာရှ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးဘဏ်ကို ယခုနှစ် ဇွန်လက တရားဝင်ထူထောင်ခဲ့သည်။ အဆိုပါဘဏ်သည် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ပြိုင်ဘက်တစ်ခုအဖြစ် ရပ်တည်လာမည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ။**

❖

# ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စများ နိုင်ငံတကာဥပဒေနှင့်အညီ ကိုင်တွယ်ရန်လို

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

ပင်လယ်ရေကြောင်း ဆိုင်ရာ အရေးကိစ္စများကို နိုင်ငံတကာ ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းတို့က ယနေ့တွေ့ဆုံပွဲတွင် မှတ်ချက်ပြုခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးက နိုဝင်ဘာ ၂၂ ရက်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံစဉ် အထက်ပါ သဘောထားမှတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ဒေသအတွင်း တရုတ်နိုင်ငံ၏ ကျွန်းများဆောက်လုပ်ခြင်း နှင့်ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အလေးပေးပြောကြားခဲ့ သည်။ ကြီးမားသောနယ်မြေချဲ့ထွင်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်နေမှုအပါအဝင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ပြောင်းလဲစေနိုင်သည့်တရုတ်နိုင်ငံ၏တစ်ဖက်သတ်လုပ်ဆောင်ချက်များသည် နိုင်ငံတကာ အသိုက်အဝန်း၏စိုးရိမ်ပူပန်မှုကို မြင့်တက်စေခဲ့ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ ခုံသမာဓိတရားရုံးတွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံနှင့် နယ်မြေ အငြင်းပွားမှုဆိုင်ရာ ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးရန် ဖိလစ်ပိုင်နိုင်ငံ၏ တရားစွဲဆိုမှုကို ထောက်ခံပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

နိုင်ငံတကာရေပိုင်နက်အတွင်းတွင် ရေကြောင်းနှင့်လေကြောင်းတို့ လွတ်လပ်စွာ ဖြတ်သန်းနိုင်ရန်အရေးကြီးကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ဆိုသည်။

တောင်တရုတ်ပင်လယ်အရေးကိစ္စအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း ခေါင်းဆောင်နှစ်ဦးက မှတ်ချက်ပြုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**



## လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုရရှိရေး အိန္ဒိယနှင့် အီးယူဆွေးနွေးပွဲ ပြန်လည်စတင်မည်

**နယူးဒေလီ နိုဝင်ဘာ ၂၂**

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ရရှိရေးအတွက် ဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် အိန္ဒိယနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့ သဘောတူကြကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး နီမာလာ ဆီသာရာမန်က နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် အီးယူနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ရရှိရေးအတွက် နှစ်ဖက်စေ့စပ်ဆွေးနွေးရေးမှူးများ မကြာမီ တွေ့ဆုံကြမည်ဖြစ်ကြောင်း ဆီသာရာမန်က ပီတီအိုင်သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများသည် လပေါင်း ၃၀ ခန့်မျှ ရပ်ဆိုင်းသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။စေ့စပ်ဆွေးနွေးရေးမှူးများသည် မကြာမီ တွေ့ဆုံကြရန် သဘောတူညီချက် ရရှိထားကြောင်း၊ ကုန်ပစ္စည်းဆိုင်ရာ အခွန်အကောက်များ လျှော့ချရေး၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေး၊ အိန္ဒိယနှင့် အီးယူနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးတို့မှာ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၏ ရည်မှန်းချက်များဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ပီတီအိုင်။**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ



(မြဝတီ)

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 16th ASEAN Chiefs of Army Multilateral Meeting(ACAMM-16)နှင့် (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနား တက်ရောက်ရန်အတွက် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**



**တရားခံ မနန်းမြစိန်(ခ)လီရှောက်ကျန်အား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**✳ကျောဖုံးမှ**

7.65 အမျိုးအစားကျည် ၃ တောင့်တို့အား လည်းကောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်အမှတ် 8I/----၊ NIDI-12 Wheel Truck မော်တော်ယာဉ်တစ်စီးအားလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ စိုင်းသိန်းအောင်(ခ)စိုင်းဆမ် နေထိုင်သော တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် နယ်မြေ(၁၆) ပတ္တမြားလမ်းရှိနေအိမ်ကို ရှာဖွေရာ စိုင်းသိန်းအောင်နှင့် တန့်ယန်းမြို့နယ် လောင်းလိုကျေးရွာနေ စိုင်းလှအောင်အားတွေ့ရှိပြီး အိပ်ခန်းအတွင်းမှ ခပ်ပုံ(အဆင့်နိမ့်ဘိန်း) သုည ဒသမ ၀၀၉ ကီလို၊ စိုင်းသိန်းအောင်(ခ) စိုင်းဆမ်ထံမှ ငွေကျပ် ၄ ဒသမ ၆၃ သိန်း၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့်မော်တော်ယာဉ်တစ်စီး၊ စိုင်းလှအောင်ထံမှ ငွေကျပ် ၄ ဒသမ ၇၅ သိန်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂၀ ရက်က ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာတောင်ခြေတွင် တွေ့ရှိသူ စောမောင်မဲနှင့် နေလင်းထက်တို့ နှစ်ဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် သုည ဒသမ ၉ သိန်းတို့ကို သိမ်းဆည်း ရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာ တောင်ခြေရှိ မူးယစ်ဆေးဝါးများရောင်းချပေးသူ ထိကျယ်နှင့် ဇာနည်တို့နေထိုင်သည့် တဲအိမ်ကိုရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ တဲအတွင်းမှ ယမ်းထောင်းတူမီးလုပ်သေနတ် သုံးလက်၊ မီးကူးယမ်းပြား အလုံး ၆၀ ပါတစ်ရွက်၊ ခဲဘောစေ့ ၁၆ လုံး၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စစ်သုံးမှန်ပြောင်းတစ်ခု၊ ဆေးရှူရာတွင် အသုံးပြုသော ဝါးပြောင်းငယ်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ပြည်ကြီးတံခွန်မြို့နယ်တွင် ထမင်းအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား



**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၅၇)လမ်းနှင့် (၅၈)လမ်းကြားရှိ(ဃ)ရပ်ကွက် အကွက်အမှတ်(ဘ-၂)ရပ်ကွက်တွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က လျှပ်စစ်မီးဖိုဖြင့် ထမင်းအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ**(အပေါ်ပုံ)** ထရံကာကပ်မိုးအိမ် ခုနစ်လုံး၊ နှစ်ထပ်ထရံကာသွပ်မိုးအိမ် နှစ်လုံး၊ ထရံကာသွပ်မိုး နှစ်လုံး စုစုပေါင်းနေအိမ် ၁၁ လုံး မီးလောင်ကျွမ်းခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့ကြီးကြပ်၍ မီးသတ်ယာဉ် အစီး ၃၀၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ လူနာတင်ယာဉ်နှစ်စီးနှင့် လူမှုကူညီရေးအသင်းအဖွဲ့များလာရောက်ကူညီခဲ့ပြီး မီးစတင်လောင်ကျွမ်းသောအိမ်ပိုင်ရှင် ကိုအောင်နိုင်ထွန်း(ခ) ရှားညိုအား မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ် တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၂**

မြန်မာစာပေ စာနယ်ဇင်းလောက၏ မီးရှူးတန်ဆောင် သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပမြဲဖြစ်သော အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အမေ့ရဲ့ အသက်(၁၀၀)ပြည့်မွေးနေ့ဖြစ်တဲ့ နိုဝင်ဘာ ၂၉ ရက်မှာ အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်မှာ သံဃာတော်တွေကို နေ့ဆွမ်းကပ်ပြီး အနယ်နယ်အရပ်ရပ်ကလာရောက်ကြတဲ့ စာပေသမားတွေကို နေ့လယ်စာနဲ့ ဧည့်ခံပါမယ်။ ရာပြည့်အထိမ်းအမှတ်စာအုပ်နဲ့ အမှတ်တရပစ္စည်းတွေကိုလည်း ထုတ်ဝေသွားဖို့ရှိပါတယ်"ဟု သားဖြစ်သူ ဆရာညီပုလေးက ပြောကြားခဲ့သည်။

လူထုဒေါ်အမာ၏ မွေးနေ့အထိမ်းအမှတ်အား တပည့်သားမြေးများက ကြည်ညိုလေးစားသမှုဖြင့် ဆရာမကြီး၏ အသက်(၇၀)ပြည့်နှစ်မှစတင်၍ တောင်လေးလုံးကျောင်းတိုက်တွင် နှစ်စဉ် အစဉ်အလာမပျက် နိုဝင်ဘာ ၂၉ ရက်ရောက်တိုင်း ကျင်းပခဲ့ကြပြီး ယခုနှစ် ရာပြည့်အထိမ်းအမှတ်အတွက် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၁)လမ်းထောင့်ရှိ ဓမ္မသာလခန်းမတွင် အမှတ်တရအခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်း ဆရာဆူးငှက်က ပြောသည်။

"ဒေါ်ဒေါ်ရဲ့မွေးနေ့မှာ အနယ်နယ်အရပ်ရပ်က အထက်အောက်စာပေသမားတွေ လာရောက်ကြတဲ့အတွက် အချင်းချင်းတွေ့ဆုံပြီး စာပေကိစ္စတွေ ဆွေးနွေးကြ၊ မွေးနေ့အမှတ်တရစကားတွေ ပြောကြတဲ့ပွဲလေးပါပဲ။ ဒီနှစ်မှာတော့ နိုဝင်ဘာ ၂၆ ရက်မှာ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် လူထုဒေါ်အမာရဲ့ ဘဝဖြတ်သန်းမှုစာအုပ်၊ ဓာတ်ပုံနဲ့ ပန်းချီပြပွဲတွေ ခင်းကျင်းပြသမယ်။ အဲဒီညခုနစ်နာရီမှာပဲ ဒေါ်ဒေါ်ရဲ့အလွန် ထင်ရှားကျော်ကြားခဲ့တဲ့ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ 'ပြည်သူချစ်သော လူထုဒေါ်အမာနှင့် အနုပညာသည်များ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော်က ဟောပြောမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဟောပြောပွဲတွင် ပြည်သူချစ်သောအနုပညာရှင်များစာအုပ်မှ ပညာရှင်ကြီး ရှစ်ဦးဖြစ်သော မထွေးလေး၊ ရုပ်သေးမင်းသမီး ဆရာပုကြီး၊ မြခြေကျင်းမငွေမြိုင်၊ ကောလိပ်စိန်၊ စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ မြို့မငြိမ်းတို့၏ အနုပညာရပ်များကို မမြတင်သိန်း၊ အကပညာရှင် ဒေါ်ခင်ဝင်းနွယ်၊ ပန်တျာဌေးဌေးမြင့်၊ မင်းသားအောင်၊ တွယ်တာတုန်နှင့် မြို့မတူရိယာအသင်းကြီး၏ ပင်တိုင်အဆိုတော်တို့က သီချင်း ၁၂ ပုဒ်ဖြင့် မြို့မတူရိယာအသင်းကြီးနှင့် ရွှာစားစိန်တင့်လွင်အဖွဲ့တို့နှင့်အတူ သီဆိုကပြတီးမှုတ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက် အထိ ရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲများကို မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ကဗျာ ၁၀၀၊ ဆောင်းပါး ၁၀၀ ပါဝင်သော စာအုပ်များ ထုတ်ဝေသွားမည်ဖြစ်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ကျရောက်သော နှစ်(၁၀၀)ပြည့်မွေးနေ့ကို အစဉ်အလာအတိုင်း တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်သည်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာကို ၁၉၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့ ဂုန္တန်ရပ်၌ မွေးဖွားခဲ့ပြီး မြန်မာပြည်လွတ်လပ်ရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်၍ မြန်မာစာပေလောက၏ မီးရှူးတန်ဆောင်အဖြစ်၊ ပြည်သူချစ်သော စာပေပညာရှင်အဖြစ် ရပ်တည်ခဲ့သည်။



**စာရေးဆရာမကြီး လူထုဒေါ်အမာ။**

ဆရာမကြီး လူထုဒေါ်အမာသည် အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများကို ရေးသားခဲ့ပြီး ကြီးပွားရေးမဂ္ဂဇင်း၌ ကလောင်အမည် ခင်လဝင်း၊ မြမန္တလေးတို့ဖြင့်လည်းကောင်း၊ အခြားကလောင်ခွဲများမှာ ဇမ္ဗူဒီပါအောင်ထွန်း၊ ဖခင်အောင်နိုင်၊ ဖိုးသာအောင်၊ အမာ၊ အမာ(တက္ကသိုလ်သပိတ်မှောက်ကျောင်းသူ)၊ အင်းလျားကျောင်းဆောင်သူတစ်ဦး ကလောင်အမည်များဖြင့် စာပေတာဝန်ထမ်းဆောင်ခဲ့သည်။

ထင်ရှားသော စာအုပ်များမှာ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ(၁၉၃၈)၊ စန္ဒမာလာ(၁၉၄၀)၊ ပြည်သူချစ်သော အနုပညာသည်များ(၁၉၆၄)၊ ဘဝချင်းမတူသည့် တရုတ်ပြည်(၁၉၆၆)၊ အောင်ဗလ ဖိုးစိန် စိန်ကတုံး(၁၉၆၇)၊ ရွှေရိုးဦးဘကလေး(၁၉၆၉)၊ ရွှေမန်းတင်မောင်(၁၉၇၀)၊ အငြိမ့်(၁၉၇၃)၊ ရွှေဒေါင်းတောင်ဆောင်းပါးများ (၁၉၇၅)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း(၁၉၇၆)၊ အာဖရိကဝတ္ထုတိုများ(၁၉၈၉)၊ မန္တလေးသူမန္တလေးသားများ(၁၉၉၁)၊ ထိုင်းဝတ္ထုတိုများ(၁၉၉၂)၊ ထိုင်းဝတ္ထုတိုများ(၂) (၁၉၉၃)၊ ရတနာပုံမန္တလေး ကျွန်မတို့မန္တလေး(၁၉၉၃)၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ(၁၉၉၄)၊ ကျွန်မတို့ငယ်ငယ်က (၁၉၉၄)၊ အမေ့ရှေးစကား(၁၉၉၇)တို့ ဖြစ်ကြသည်။

မြန်မာ့စာပေ စာနယ်ဇင်းလောက၏ မီးရှူးတန်ဆောင်ဖြစ်သူ ဆရာမကြီး လူထုဒေါ်အမာသည် အသက်(၉၃)နှစ်အရွယ် ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် အသက်(၁၀၀)ပြည့်မွေးနေ့ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အရည်အချင်းပျက်ယွင်းသူများ မဖြစ်ရလေအောင်

ထွန်းမင်းသန်း(ဥပဒေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၄၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁ နှင့် ပုဒ်မ ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့ကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ဖော်ပြပါ လွှတ်တော်များ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ကြောင်း အခြေခံဥပဒေတွင် သတ်မှတ်ထားသည်။ ပထမလွှတ်တော် သက်တမ်း မကုန်ဆုံးမီရက်ပေါင်း ၉၀ အတွင်း ဒုတိယလွှတ်တော် သက်တမ်းအတွက် လွှတ်တော်များဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၉နှင့်အညီ လွတ်လပ်၍ တရားမျှတ သော အထွေထွေရွေးကောက်ပွဲကြီးအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ အောင်မြင်စွာ ကျင်းပပေးခဲ့ပါသည်။

ကျင်းပပေးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ် အသီးသီးသို့ နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ် လောင်း ၅၈၆၉ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စား လှယ်လောင်း ၃၂၃ ဦး၊ စုစုပေါင်း ၆၁၈၉ ဦး အမည် စာရင်းတင်သွင်းခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ် လောင်း အမည်စာရင်း တင်သွင်းသူပေါင်း ၆၁၈၉ ဦးရှိပြီး အတည်ပြုသူ ၆၀၃၉ ဦးရှိပါသည်။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ် ၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း (ပုံစံ-၂၀)ဖြင့် တင်သွင်းရမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်သည် ငွေကျပ်သိန်း ၁၀၀ အထိသာ သုံးစွဲ ခွင့်ရှိပြီး ၎င်းထက်ပိုမိုသုံးစွဲခွင့်မရှိပါ။

ဝင်ရောက်ယှဉ်ပြိုင်ကြသော လွှတ်တော်ကိုယ်စား လှယ်လောင်းများ ရွေးကောက်ပွဲကုန်ကျစရိတ်နှင့် ပတ်သက်၍ သိရှိလေ့လာနိုင်ရန်အတွက် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများမှ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်း မှုများကို သာဓကထား၍ တင်ပြပါမည်။

၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အသီးသီးသို့ နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ် လောင်း ၈၂ ဦး စုစုပေါင်း ၃၀၆၉ ဦး အမည်စာရင်းတင်သွင်း ခဲ့ကြပါသည်။

ယင်းတို့အနက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူ ၁၄ ဦးတို့၏ မဲဆန္ဒနယ်မြေ များမှာ လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပ နိုင်ခြင်းမရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် လောင်း ၃၀၅၅ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ရွေးကောက်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ၃၀၅၅ ဦးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့ မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျ စရိတ်စာရင်းတင်သွင်းရန် သတ်မှတ်ထားသည့်ရက်ပေါင်း ၆၀ အတွင်း တင်သွင်းသူ ၂၉၃၄ ဦး ရှိပြီး တင်သွင်းရန် ပျက်ကွက်သူပေါင်း ၁၂၁ ဦး ရှိခဲ့ပါသည်။ ယင်းတို့အနက် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် ဝင်ရောက်ယှဉ်ပြိုင် သော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ကွယ်လွန်သွားသဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပျက်ကွက်သူပေါင်း ၁၂၀ ရှိခဲ့ပါသည်။ ထို ပျက်ကွက်သူ ၁၂၀ နှင့် ၎င်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ၃၇ ဦးတို့အား အရည်အချင်းပျက်ယွင်း သူများအဖြစ် သတ်မှတ်သင့်ကြောင်း သက်ဆိုင်ရာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့ကြပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲများက အရည်အချင်း ပျက်ယွင်းသူများအဖြစ်သတ်မှတ်သင့်ကြောင်း တင်ပြလာ သော လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၀ နှင့် ၎င်းတို့ ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ၃၇ ဦးတို့အား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်/ မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ရွေးကောက်ပွဲခုံအဖွဲ့ ငါးဖွဲ့ဖွဲ့ကာ စစ်ဆေးစေခဲ့ပါသည်။

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၀ မှာ ကချင်ပြည်နယ်မှ ခြောက်ဦး၊ ချင်းပြည်နယ်မှ ၁၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးဦး၊ မကွေးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၁၆ ဦး နှင့် ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးတို့ ဖြစ်ကြပါသည်။

ရွေးကောက်ပွဲကုန်ကျစရိတ်အမှုများအား မစစ်ဆေး မီ ရွေးကောက်ပွဲခုံရုံးဌာန၏ လုပ်ထုံးလုပ်နည်းများအရ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်ခဲ့ သော လွှတ်တော်ကိုယ်စားလှယ်လောင်းများထံ အကြောင်း ကြားစာ(သမ္မန်စာ)များပေးပို့ခဲ့ရာ လွှတ်တော်ကိုယ်စား လှယ်လောင်း ၁၁၉ ဦးနှင့် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ၃၇ ဦးတို့က အကြောင်းကြားစာ (သမ္မန် စာ)ရရှိကြောင်း ပြန်လည်တင်ပြလာကြသဖြင့် သမ္မန်စာ အတည်ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါ မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ် လောင်းတစ်ဦးသည် ယခင်နေထိုင်ခဲ့သောနေရပ်လိပ်စာ တွင် အခြေချနေထိုင်ခြင်းမရှိတော့ကြောင်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပြန်ကြားလာပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း၏ပါတီရုံးခွဲ၊ ပါတီဌာနချုပ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနှင့် နေ့စဉ်ထုတ်သတင်းစာတို့မှ အကြောင်းကြားစာများ ပေးပို့ထုတ်ပြန်ခဲ့သော်လည်း ၎င်း လွှတ်တော်ကိုယ်စားလှယ်လောင်းထံမှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပါ။ ထို့ပြင် အမှုစစ်ဆေးရန် အကြောင်းကြားစဉ် ကာလအတွင်းတွင်လည်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး ထပ်မံကွယ်လွန်ခဲ့ ရာ ကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူပေါင်း ၁၁၉ ဦးသာ ကျန်ရှိပါသည်။

ယင်းသို့ တင်သွင်းရန်ပျက်ကွက်ခဲ့သော လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၁၉ ဦးအနက် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၊ ပဲခူးတိုင်းဒေသ ကြီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၊ ရခိုင် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ စုစုပေါင်းလွှတ်တော် ကိုယ်စားလှယ်လောင်း ခြောက်ဦးတို့ သည် ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်စစ်ဆေးစဉ် အထောက် အထားများ ခိုင်လုံစွာ တင်ပြနိုင်ခဲ့သဖြင့် အရည်အချင်း ပျက်ယွင်းသူများအဖြစ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ပါသည်။ နေရပ်လိပ်စာ ရှာမတွေ့၍ အကြောင်းပြန်ကြားလာခြင်း မရှိသော မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တိုင်းဒေသ ကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ် စားလှယ်လောင်းအပါအဝင် ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ် လောင်း ၁၁၃ ဦးနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ၃၁ ဦးတို့မှာ အထောက်အထားများ ခိုင်လုံစွာတင်ပြနိုင်ခြင်း မရှိသောကြောင့် အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ကြေညာခြင်းခံခဲ့ရပါသည်။

ထို့အတူ ကြားဖြတ်ရွေးကောက်ပွဲကိုလည်း ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် မြို့နယ် ၄၅ မြို့နယ်၌ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၁ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် လောင်း ခြောက်ဦး စုစုပေါင်း ၁၅၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြပြီး လစ်လပ်လွှတ်တော်မဲဆန္ဒနယ် ၄၅ နယ် အတွက် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးကို ရွေးကောက် တင်မြှောက်ပေးနိုင်ခဲ့ပါသည်။ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ သော လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၇ ဦး တို့ သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ် ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ တင်သွင်းလာ ကြသဖြင့် အရည်အချင်းပျက်ယွင်းသူများ မရှိခဲ့ပါ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေ ၇၇ အရ သတ်မှတ်ထားသည့် ရက်ပေါင်း ၃၀ အတွင်း မပျက်မကွက် တင်သွင်းရမည် ဖြစ်ပါသည်။ ယင်းရွေးကောက်ပွဲကုန်ကျစရိတ် (ပုံစံ-၂၀) မှ ဇယားတွင်လည်း အပိုင်းလိုက် သုံးစွဲငွေများရှိပါက စာတိုင်ဇယားတွင်ဖော်ပြရန်နှင့် မရှိပါက မရှိကြောင်း ဖော်ပြရမည် ဖြစ်ပါသည်။ ယင်းငွေစာရင်းများ မှန်ကန် ကြောင်းကိုလည်း မြို့နယ်တရားသူကြီးရှေ့မှောက်၌ မိမိ သုံးစွဲခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်ပြီး ယင်း ကျမ်းကျိန်လွှာအား ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း နှင့်အတူ ပူးတွဲတင်သွင်းရမည်။ ကျမ်းကျိန်လွှာတွင်လည်း ငွေကျပ် ၁၅၀၀ တန် ရုံးအခွန် တံဆိပ်ခေါင်း ကပ်ရမည့် အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးတို့က ယင်းစာရင်းမှာ နည်းဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ တင်သွင်းသောစာရင်းဖြစ်ကြောင်း ရုံးတံဆိပ်ရိုက်နှိပ် လက်မှတ်ရေးထိုးထားသည့် ထောက်ခံ ချက် ပါရှိရမည် ဖြစ်ပါသည်။ ထို့ပြင် တရားသူကြီးရှေ့မှောက် ၌ ကျမ်းကျိန်သည့်နေ့ရက်သည် သက်ဆိုင်ရာရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ကုန်ကျစရိတ် တင်သွင်းသည့် နေ့ရက်(ရက်ပေါင်း ၃၀ မတိုင်မီ) သို့မဟုတ် ယင်းနေ့ရက် ထက် စောရပါမည်။

ရွေးကောက်ပွဲကုန်ကျစရိတ်များ (ပုံစံ-၂၀)အား တင်သွင်းပြီး နှစ်ရက်အတွင်း သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါ (ပုံစံ-၂၀)များအား အများ ပြည်သူ ကြည့်ရှုစစ်ဆေးနိုင်ရန် ၎င်းတို့၏ရုံး၌ ကြေညာစာ ဖြင့် ကပ်ထားကြေညာရမည်ဖြစ်ပါသည်။ အဆိုပါ ကပ် ထားကြေညာထားသည့် (ပုံစံ-၂၀) များအား မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ပါသည်။ မည်သည့် မဲဆန္ဒရှင်မဆို ယင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း မိတ္တူကို ကူးယူလိုပါက တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရယူနိုင်ပါသည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် (ပုံစံ-၂၀)တင်သွင်းသည့်ရက်၊ (ပုံစံ-၂၀) တင်သွင်းရမည့် နောက်ဆုံးနေ့ရက်အတွင်း တင်သွင်းခြင်း ရှိ/မရှိတို့ကို မှတ်တမ်းတင်ထားရမည်။ (ပုံစံ-၂၀) တင်သွင်းရမည့် နောက်ဆုံးနေ့ရက် ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ခုနစ်ရက်အတွင်း အစီရင်ခံ တင်ပြရမည်ဖြစ်သည်။ ဤအစီရင်ခံစာတွင် ရွေးကောက်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများ ၏ အမည်စာရင်း၊ (ပုံစံ-၂၀) တင်သွင်းသော ကိုယ်စား လှယ်လောင်းများ၏ အမည်စာရင်းနှင့် (ပုံစံ-၂၀) တင်သွင်းရန် ပျက်ကွက်သော ကိုယ်စားလှယ်လောင်း များ၏ အမည်စာရင်း၊ ပုံစံများကို တင်သွင်းခဲ့သည့် နေ့စွဲနှင့်အချိန်အပါအဝင် ထိုပုံစံများကို သတ်မှတ် ထားသည့်အတိုင်း တင်သွင်းခဲ့ခြင်း ရှိ/မရှိတို့ ပါဝင်ရ မည် ဖြစ်ပါသည်။ ထိုအစီရင်ခံစာတွင် ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်သွင်းရန်ပျက်ကွက်သူကို အရည်အချင်း ပျက်ယွင်းသူဟု ကြေညာသင့်ကြောင်း တင်ပြချက်ပါရှိရ မည်။ အရည်အချင်းပျက်ယွင်းမှု ရှိ/မရှိ ဆုံးဖြတ်ချက်ချ ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ခုံရုံးအဖွဲ့ တစ်ခု ဖွဲ့စည်းရမည် ဖြစ်ပါသည်။

အကယ်၍ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိအား သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ အစီရင်ခံစာတွင် အရည်အချင်းပျက်ယွင်း ကြောင်း မှတ်ချက်ပြုထားသည်ကို တွေ့ရှိခဲ့လျှင် ထို ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ၎င်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် ကြော်ငြာကပ်သည့်နေ့မှ ၁၅ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်လွှာတင်ပြီးလျှင် မည်သည့်အတွက်ကြောင့် အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ရန်မသင့် ကြောင်း အကြောင်းပြချက် ခိုင်လုံစွာ တင်ပြနိုင်ရမည်။

သို့သော်လည်း ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲ တွင် အချို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများ နှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား အထက်ဖော်ပြခဲ့ ပြီးသော ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ စနစ်တကျ တင်သွင်းမှုမရှိဘဲ ပေါ့လျော့စွာဖြင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊ စာတိုက်မှ ချောစာ ဖြင့် အလွယ်တကူ ပေးပို့ခြင်းတို့ကြောင့် သတ်မှတ်သည့် ကာလအတွင်း အချိန်မီတင်သွင်းနိုင်ခြင်းမရှိသည်များ တွေ့ရပါသည်။ ထို့ပြင် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းနှင့်အတူ မြို့နယ်တရားသူကြီး အဆင့်ထက်မနိမ့် သော တရားသူကြီးတစ်ဦးဦး၏ ရှေ့မှောက်၌ပြုလုပ်သော ကျမ်းကျိန်လွှာပူးတွဲ တင်ပြရမည်ဖြစ်ရာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ယင်း ကျမ်းကျိန်လွှာအား သတ်မှတ်ရက် ၃၀ ရက် မပြည့်မီ ရယူထားရှိရန် လိုအပ်ပါသည်။ အကယ်၍ သက်ဆိုင်ရာ မြို့နယ်မှ တရားသူကြီးသည် ယင်းကာလအတွင်း ယာယီတာဝန်ဖြင့် ခရီးသွားခြင်း၊ ခွင့်သွားခြင်းများရှိပါက မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူ ကြီးတစ်ဦးဦး၏ ရှေ့မှောက်၌ ပြုလုပ်သော ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်ဟုဆိုသဖြင့် ကျမ်းကျိန်လွှာအား သတ်မှတ်ကာလအတွင်းရရှိရေးမှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့၏ တာဝန်သာဖြစ်ပေသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့ ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကုန်ကျစရိတ် စာရင်း တင်သွင်းရာတွင် အထူးသတိပြုရန်အချက်မှာ ငွေကြေးသုံးစွဲမှုစာရင်းဇယားများအား သတ်မှတ်ပုံစံများ တွင် စနစ်တကျ ဖြည့်သွင်းမှု၊ ငွေသုံးစွဲမှုမရှိပါကလည်း မရှိကြောင်း ဖော်ပြမှု၊ ငွေစာရင်းစာအုပ်ထားရှိမှု၊ အသုံး စရိတ်ပြေစာများအား စနစ်တကျဖိုင်တွဲ၍သော် လည်းကောင်း၊ စာအုပ်ချုပ်၍သော်လည်းကောင်း ပေးပို့မှုမရှိခြင်းများ တွေ့ရှိရသဖြင့် ရွေးကောက်ပွဲယှဉ်ပြိုင် ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေ ဖြင့် အရည်အချင်းပျက်ယွင်းသူများ မဖြစ်ရလေအောင် သတိထား ပြင်ဆင်သင့်ပါသည်။

စာမျက်နှာ ၇ သို့ » »

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း (ပုံစံ-၂၀)ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲဝင် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲကုန်ကျစရိတ်သည် ငွေကျပ်သိန်း ၁၀၀ အထိသာ သုံးစွဲခွင့်ရှိပြီး ၎င်းထက်ပိုမိုသုံးစွဲခွင့် မရှိပါ။**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၀)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

(ပြန်/ဆက်)

❒ **ရှေ့ဖုံးမှ**

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အာဆီယံ-နယူးဇီလန် နှစ် (၄၀) ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကိုကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အာဆီယံ အသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူ ကြေညာချက်နှင့် Forging Ahead Together ဟူသည့် အာဆီယံ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူ ကြေညာချက်တို့အား လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကွာလာလမ်ပူကွန်ဗင်းရှင်း စင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်၍ ကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ Comprehensive Economic Cooperation Between ASEAN and the People's Republic of China ပူးတွဲထုတ်ပြန်ချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် (၁၀) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် အရှေ့အာရှနိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်က အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကိုကျင်းပရာ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ (၁၇) ကြိမ်မြောက် အာဆီယံ - ကိုရီးယားထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၄ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စပတ်ဂွန်ဟေးတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် (၇)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က မိန့်ခွန်းပြောကြားကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

(ပြန်/ဆက်)

»» **စာမျက်နှာ ၆ မှ**

ရွေးကောက်ပွဲကုန်ကျစရိတ်နှင့် ပတ်သက်၍ မဲဆန္ဒရှင်တစ်ဦး (သို့မဟုတ်) အခြားကိုယ်စားလှယ်လောင်းတစ်ဦးမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကိုယ်စားလှယ်လောင်းသည် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များအား ချိုးဖောက်၍ သုံးစွဲကြောင်း မဲရလဒ်စာရင်း ကြေညာပြီးသည်မှ (၄၅)ရက်အတွင်း အောက်ပါအတိုင်း ကန့်ကွက်တိုင်ကြားနိုင်ပါသည်။

- -သတ်မှတ်ချက်များနှင့် မညီညွတ်သော အသုံးစရိတ်များကို ကျခံသုံးစွဲခြင်း၊
- - ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊
- - မမှန်မကန်ပြုလုပ်ထားသော ကုန်ကျစရိတ်စာရင်းကို တင်ပြခြင်း။

စသည့် တရားမဲ့ပြုကျင့်မှုတစ်ခုကို ကျူးလွန်ပါက သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေ အခန်း(၁၄)၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ ကို ကျူးလွန်ကြောင်း ကန့်ကွက်တိုင်ကြားနိုင်သည်။ ကန့်ကွက်တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် ရွေးကောက်ပွဲခုံရုံးက သက်သေခံချက်များကို ကြားနာစစ်ဆေး၍ ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်လောင်းတစ်ဦး၏ ချိုးဖောက်မှုကို တွေ့ရှိရပါက ထိုကိုယ်စားလှယ်လောင်းအား ယခုလွှတ်တော်သက်တမ်း ငါးနှစ်တာကာလအတွက် အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်မည်ဖြစ်ပြီး ထိုကိုယ်စားလှယ်လောင်း၏ ရွေးကောက်တင်မြှောက်ခြင်း ခံထားရမှုအား ပျက်ပြယ်သည်ဟု ကြေညာမည်ဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာပါတီများအနေဖြင့် မိမိပါတီ ကိုယ်စားပြု ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလများတို့သည် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းများအား စနစ်တကျ တင်သွင်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားစေလိုပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှလည်း စစ်ဆေး၍ စနစ်တကျ လက်ခံဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် နစ်နာမှုမရှိရစေရန် ရွေးကောက်ပွဲ ကုန်ကျစရိတ်ငွေစာရင်းကို သတ်မှတ်ရက်အတွင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျတင်သွင်းမှသာ အရည်အချင်း ပျက်ယွင်းသူအဖြစ် ကြေညာခြင်းမခံရဘဲ ရွေးကောက်ပွဲနိုင် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်တွင် စိတ်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်ပြီး ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်း ကြားဖြတ်ရွေးကောက်ပွဲများနှင့် နောင်လာမည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်ပါသည်။

❒ **ရန်ကုန်အသင်းမှ**

၁၄ မိနစ်တွင် ကျော်ကိုကို၏ ဖန်တီးပေးမှု၊ ၂၁ မိနစ်တွင် သန်းထက်အောင်၏ ဖန်တီးပေးမှုများမှ အက်ဒီဆင်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မိုင်တီးက လာအိုတိုယိုတာအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရန်ကုန်အသင်းက ချက်ချင်းဂိုးပြန်ရခဲ့သောကြောင့် လာအိုအသင်း မျှော်လင့်ချက် ပျက်ခဲ့ရသည်။ မိနစ် ၅၀ တွင် ဒေးဗစ်ဒန်းကအဝေးကန်ချက်ဖြင့် ရန်ကုန်အတွက် တတိယဂိုးသွင်းယူခဲ့ပြီး ပွဲကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့သည်။ ရန်ကုန် အသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် ကျော်ကိုကို၊ ၆၂ မိနစ်တွင် ရန်အောင်ကျော်တို့က သွင်းယူပေးခဲ့သည်။ လာအိုတိုယိုတာအတွက် ဒုတိယဂိုး ချေပဂိုးကို မိနစ် ၉၀ တွင် ပိုဒါက သွင်းယူပေးခဲ့သည်။

ရန်ကုန်အသင်းမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂၉ ရက်တွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် ကစားရမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ နိုင်ပွဲများရထားသော်လည်း ရန်ကုန်အသင်းက ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကျရုံဖြင့် ဆီမီးတက်မည်ဖြစ်သည်။

**အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်**

## ပြည်တွင်းရေးရာ

(၁၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (ယာပုံ)

(၇)ကြိမ်မြောက် အာဆီယံ ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (အလယ်ပုံ)

အာဆီယံ အသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူ ကြေညာချက်နှင့် Forging Ahead Together ဟူသည့် အာဆီယံ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူ ကြေညာချက်တို့အား လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။(အောက်ဆုံးပုံ)

(သတင်း-ရှေ့ဖုံး)









# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အခက်အခဲများကြားမှ ညင်သာချောမွေ့စွာဆောင်ရွက်ခဲ့သူဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရာဂျစ်နာဇတ်က ချီးကျူးပြောကြား

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရာဂျစ်နာဇတ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အခက်အခဲများကြားမှ ညင်သာချောမွေ့စွာဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်မှုအပေါ် ချီးကျူးပါကြောင်း၊ သမ္မတဦးသိန်းစိန်၏ သန္နိဋ္ဌာန်စိတ်ခိုင်မာစွာဖြင့် ဦးဆောင်ခဲ့မှုသည် မြန်မာပြည်သူများအတွက်သာမက အာဆီယံဒေသနှင့် နိုင်ငံတကာအသိုက်အဝန်းအတွက်ကိုပါ အကျိုးရှိစေမည့် ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း ဂုဏ်ပြုပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရာဂျစ်နာဇတ်က ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ထံ အာဆီယံဥက္ကဋ္ဌ၏ အဆောင်အယောင်တူယင်ကို လွှဲပြောင်းပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ လာအိုနိုင်ငံ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့ပြီး လာအိုနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် မှတ်တမ်းတင်ဗီဒီယိုကိုပြသ၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**







**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ Comprehensive Economic Co-operation Between ASEAN and the People's Republic of China ပူးတွဲထုတ်ပြန်ချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။**
*(သတင်း-ရွှေ့ဖုံး)*(ပြန်/ဆက်)

# ဂျိုကိုဗစ်ချ်နှင့် ဖက်ဒဲရာတို့ ရေကုန်ရေခန်းယှဉ်ပြိုင်ကြမယ့် ATP World Tours Finals ဗိုလ်လုပွဲလာပြီ

နိုဝင်ဘာ၂၂ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ATP World Tours Finals အကြိုဗိုလ်လုပွဲ ပွဲစဉ်နှစ်ပွဲမှာ ဂျိုကိုဗစ်ချ်က နာဒယ်လ်ကို ၆-၃၊ ၆-၃နဲ့ လည်းကောင်း၊ ဖက်ဒဲရာက ဝေါ်ရင်ကာကို ၇-၅၊ ၆-၃နဲ့ လည်းကောင်းအနိုင်ကစားကာ ဗိုလ်လုပွဲတက်ရောက်လာနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဗိုလ်လုပွဲမှာလည်း ဒီကစားသမားနှစ်ဦးပဲ တွေ့ဆုံခဲ့ကြပေမယ့် အဲဒီတုန်းက ဖက်ဒဲရာက နောက်ကျောဒဏ်ရာကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့တဲ့အတွက် ဂျိုကိုဗစ်ချ်က အလိုအလျောက် ချန်ပီယံဖြစ်ခဲ့တာပါ။ ဒါပေမယ့် ဖက်ဒဲရာက ကွင်းပိတ်မြေမာကွင်းတွေထဲမှာဆို အကောင်းဆုံးကစားနိုင်တဲ့ အစဉ်အလာရှိသလို ပြီးခဲ့တဲ့အောက်တိုဘာလကုန်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဇူးရစ်ကွင်းပိတ်တင်းနစ်ပြိုင်ပွဲမှာလည်း ပူပူနွေးနွေးချန်ပီယံဖြစ်ထားပါသေးတယ်။

ဂျိုကိုဗစ်ချ်နဲ့ ဖက်ဒဲရာတို့ဟာ တင်းနစ်လောကမှာ ပြိုင်ဘက်ကောင်းတွေအဖြစ်ရပ်တည်လာတာဆယ်စုနှစ်တစ်ခုနီးပါးကြာမြင့်နေပြီဖြစ်ပါတယ်။ ထိပ်တိုက်တွေ့ဆုံမှု (၄၃)ကြိမ်မှာ ဂျိုကိုဗစ်ချ်က (၂၂)ကြိမ်အနိုင်ယူထားပြီး ဖက်ဒဲရာက (၂၁)ကြိမ် ပြန်လည်အနိုင်ယူထားနိုင်တာကြောင့် တစ်ယောက်နဲ့တစ်ယောက် သိသိသာသာ အသာရထားတာမျိုးမတွေ့ရပါဘူး။ ဒါပေမယ့် ဖက်ဒဲရာက အခုနောက်ပိုင်း အသက်အရွယ်အရ ပြေးနှုန်းကျဆင်းလာတဲ့အတွက် ပွဲကစားချိန်ကြာမြင့်လာရင် ရုန်းကန်နေရတာကြောင့် နောက်ပိုင်းနှစ်တွေမှာ ဂျိုကိုဗစ်ချ်က ပိုမိုအသာရလာတဲ့အနေအထားပါ။ ဖက်ဒဲရာဟာ သမ္မာမှာ ဂျိုကိုဗစ်ချ်ထက်သာပေမယ့် နာဒယ်လ်ကတော့ ဂျိုကိုဗစ်ချ်ဟာ အနိုင်ယူလို့မရနိုင်တဲ့ ကစားသမားဖြစ်တယ်လို့ အကြိုဗိုလ်လုပွဲအပြီးမှာ ပြောကြားခဲ့ရတဲ့အထိ လက်စွမ်းထက်နေသူပါ။

ယုတ္တိကျကျ သုံးသပ်ရရင် ၂၀၁၅ ခုနှစ်က ဂျိုကိုဗစ်ချ်အတွက် လုပ်ဆောင်ခဲ့သမျှ အောင်မြင်တဲ့နှစ်လို့တောင်ဆိုရမှာဖြစ်ပြီး ဂရင်းစလင်းပြိုင်ပွဲလေးပွဲမှာ လေးကြိမ်လုံးဗိုလ်လုပွဲတက်ကာ သုံးကြိမ်တိုင် ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ဒီသုံးကြိမ်မှာမှ နှစ်ကြိမ်က ဖက်ဒဲရာကိုအနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့တာပါ။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့နိုဝင်ဘာ ၁၇ ရက်က ဖက်ဒဲရာနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်ဟာ ဒီနှစ်အတွင်း ဂျိုကိုဗစ်ချ်ရဲ့ အဆုံးရှုံးဆုံးပွဲဖြစ်ခဲ့ပေမယ့် နောက်နှစ်ပွဲဆက်တိုက်မှာ အရင်ပွဲကအမှားကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တာကြောင့် သူ့ရဲ့လက်စွမ်းကို ဘယ်လိုမှ လျှော့တွက်လို့မရပါဘူး။

ဒါကြောင့် ဒီဗိုလ်လုပွဲမှာလည်း ဂျိုကိုဗစ်ချ်သာ အသာရသွားမယ့် အရိပ်လက္ခဏာတွေ မြင်တွေ့နေရပါတယ်။ ဒါပေမယ့် ဖက်ဒဲရာဆိုတာက တင်းနစ်သမိုင်းတစ်လျှောက်မှာ ကွင်းပိတ်မြေမာကွင်းပြိုင်ပွဲတွေရဲ့ ထာဝရအကောင်းဆုံးကစားသမားဖြစ်တာကြောင့် ဘယ်သူက ချန်ပီယံဖြစ်မလဲဆိုတာ ယတိပြတ် မှန်းဆဖို့ခက်ပါတယ်။ သေချာတာတစ်ခုကတော့ ဒီဗိုလ်လုပွဲဟာ တင်းနစ်ပရိသတ်တွေကို ရသအပြည့်ပေးမယ့်ပွဲစဉ်တစ်ပွဲ ဖြစ်လာလိမ့်မယ်ဆိုတာပါပဲ။

**(မေလှဲ့သင်း)**

ဖတ်စရာ၊ မှတ်စရာ

# သက်ကြီးစာပေပညာရှင်များကို ကန်တော့ပူဇော်ကြပါစို့

လယ်တွင်းသားစောချစ်

မြန်မာနိုင်ငံတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို 'စာဆိုတော်နေ့'အဖြစ် သတ်မှတ်ထားသည်။

ရှေးမြန်မာမင်းလက်ထက်ကပင် နတ်တော်လတွင် စာဆိုတော်ကြီးများကို ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ် ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိသည်။

ယခုမျက်မှောက်ကာလမှာလည်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်က ချီးမြှင့်လျက်ရှိပါသည်။ ယခုနှစ်တွင်လည်း နတ်တော်လဆန်း ၁ရက် (ဒီဇင်ဘာ ၁၂ရက်နေ့)တွင် ချီးမြှင့်မည်ဖြစ်ပါသည်။

ထိုသို့ နိုင်ငံတော်က ချီးမြှင့်သည့်အပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆု စသည့် ပုဂ္ဂလိက စာပေစေတနာရှင်များကလည်း ထူးချွန်သော စာပေပညာရှင်များကို ထိုက်တန်စွာ စာပေဆုချီးမြှင့်ခြင်းဖြင့် စာပေကို မြှင့်စေကြပါသည်။

စာဆိုတော်နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံစာရေးဆရာအသင်းသည် အသက် (၈၀)နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကိုလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများသည် အလိမ္မာရှိသော စာ၊ နိုင်ငံ၊ လူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ အသိအမြင် ဉာဏ်ပညာဖြစ်စေသော စာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသော စာများစွာတို့ကို ရေးသားပြုစုခဲ့ကြသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုသော သုတစာပေ၊ ရသစာပေတို့ကို ဖတ်ရှုလေ့လာခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ အသိအလိမ္မာ ဉာဏ်ပညာကြီးမြင့်ရသည်။ နိုင်ငံလူမျိုး ချစ်မြတ်နိုးစိတ်ဖြစ်ရသည်။ အမှန်နှင့်အမှား၊ တရားနှင့် မတရား၊ အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ် ခွဲခြားသိမြင်ရသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သည့် စာများကြောင့် လူတစ်ဦးချင်းစီကို အောင်မြင်စေသည်။ တိုးတက်စေသည်။ အေးချမ်းစေသည်။ ကောင်းကျိုးများစွာ ရစေသည်။ ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကျေးဇူးမှာ ကြီးမားလှပါသည်။ ယခုအခါ ဆရာကြီး ဆရာမကြီးများ၏ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိကို ဆင်ခြင်အောက်မေ့၍ လေးစားရိုသေစွာ စာပေကန်တော့ပွဲ ဆင်နွှဲကြခြင်းဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် ပထမအကြိမ် စတင်ကန်တော့စဉ်က ကန်တော့ခံ သက်ကြီးစာပေပညာရှင်မှာ ၁၀ဦးသာ ရှိပါသည်။ ၁၉၉၅ ခုနှစ်တွင် ၄၂ ဦးထိ တိုးလာသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေ ပညာရှင်ကြီးများကိုသာ ကန်တော့နိုင်ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်ပြည်လုံးမှ စာပေပညာရှင်ကြီးများကို ကန်တော့ခဲ့ရာ ၆၆ ဦးထိ တိုးလာပါသည်။ ၂၀၀၀ ပြည့်နှစ်အတွက် ၁၀၀ ကျော်အထိရှိလာသည်။ မနှစ်က ကန်တော့ခံသက်ကြီးစာပေပညာရှင် ၁၈၀ အထိရှိသည်။ ဆရာကြီး ဆရာမကြီးများကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် ဆေးဝါး၊ စာအုပ်စာပေများကို လှူဒါန်းနိုင်ခဲ့သည်။ ရွှေသံလွင်စကိုင်းနက်ရုပ်သံမှ ဆရာကြီး ဆရာမကြီးများကို စကိုင်းနက်ရုပ်သံဖမ်းစလောင်းနှင့်တကွ စက်များအိမ်တိုင်ရာရောက် တပ်ဆင်လှူဒါန်းခဲ့ပါသည်။ ယခုနှစ်တွင် အသစ်တိုးလာသူများရှိသကဲ့သို့ ကွယ်လွန်သူများလည်းရှိရာ ကန်တော့ခံစာပေပညာရှင် ၁၈၅ ဦးဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ကန်တော့ခံစာပေပညာရှင်ကြီးများကို အနည်းဆုံးငွေကျပ် နှစ်သိန်းစီကန်တော့နိုင်ရန် ကြိုးစားပြီး အလှူခံလျက်ရှိပါသည်။ နှစ်စဉ်မှာပင် နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်၊ မန္တလေးမြို့တော်စည်ပင်နှင့်ကုမ္ပဏီအဖွဲ့အစည်းများက လှူဒါန်းကြသည်။ လူမှုရေးအဖွဲ့အစည်းများ၊ စာရေးဆရာများ၊ ပုဂ္ဂလိကစေတနာရှင်များကလည်း လှူဒါန်းကြပါသည်။

မိမိတို့ကိုယ်တိုင်စာအုပ်စာပေများကို ဖတ်မှတ်လေ့လာခြင်းဖြင့် အသိအလိမ္မာ၊ ဉာဏ်ပညာကြီးမြင့်၍ လုပ်ငန်းများအောင်မြင်တိုးတက်ခြင်း၊ မိမိတို့ဘဝကို ကောင်းမွန်မှန်ကန်စွာ စောင့်ရှောက်နိုင်ခြင်း၊ ပစ္စုပ္ပန် သံသရာ ကောင်းကျိုးရစေခြင်း ဂုဏ်ကျေးဇူးများကို အောက်မေ့ဆင်ခြင်၍ မြန်မာနိုင်ငံအရပ်ရပ်မှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် စာပေမွေ့လျော်သူများခင်ဗျာ- ယခုနှစ် ဒီဇင်ဘာလအတွင်း ကန်တော့ပူဇော်မည့် သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများကို ကန်တော့ပူဇော်ပွဲအမီ အလှူငွေများ ပါဝင်လှူဒါန်း လိုပါလျှင် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်ဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။ ဖုန်းဖြင့် ဆက်သွယ်လှူဒါန်းလိုပါလျှင် ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကို ပူဇော်၍စာပေချစ်မြတ်နိုးကြကုန်သော စေတနာရှင်များအား ပါဝင်လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည် ခင်ဗျာ။ ။



## မန္တလေးမြို့တော်စည်ပင် ပန်းဥယျာဉ်နှင့်ကစားကွင်းဌာန စွမ်းဆောင်မှုကြောင့် မနောရမ္မံပန်းခြံ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုနှင့်အတူ လှပတင့်တယ်နေ

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးမြို့တော် သန့်ရှင်းသာယာရမည်၊ မြို့နေလူထုစိတ်ချမ်းသာရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ စည်ပင်သာယာရေးကော်မတီမှ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိသောမန္တလေးမြို့တော်အဖြစ် အမြဲမြင်ရရေး ကဏ္ဍအသီးသီး ဌာနများစွာ ဖြန့်ကြက်လုပ်ဆောင်ကာ မြို့နေလူထုအကျိုး၊ မန္တလေးမြို့တော်အကျိုးကို ဆောင်ရွက်မှုမှတ်တမ်းကို နေ့စဉ်လက်တွေ့မြင်တွေ့နေရမြဲပင်ဖြစ်သည်။ စိမ်းလန်းစိုပြည်မြို့ရေမြေဟု တင်စားနိုင်ရေးဌာန ၁၄ ခုဖြင့် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ နံနက်လင်းသည်မှစကာ မြို့အနှံ့ စည်ပင်ဝန်ထမ်းများစွာ နေရာအသီးသီးတွင် တွေ့မြင်နေရပေသည်။

စီမံရေးရာ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်၊ ဘဏ္ဍာရေး၊ အခွန်၊ သန့်ရှင်းရေး၊ ပန်းဥယျာဉ်နှင့် ကစားကွင်း၊ အဆောက်အအုံနှင့်ကုန်ရုံ၊ လမ်းတံတား၊ ရေနှင့် ရေသန့်၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စစ်ဆေးရေးဌာနဆိုသောဌာနအသီးသီးမှာ တာဝန်ကျေပွန်စွာဖြင့် လုပ်ငန်းတာဝန်(၂၅)ရပ်ကိုချမှတ်ဆောင်ရွက်ရင်း မြို့ပြတိုးတက်ခြင်းဆီ ဦးတည်လာခဲ့သည်။

လက်ရှိကာလတွင် မန္တလေးမြို့တော်စည်ပင်ပန်းဥယျာဉ်နှင့် ကစားကွင်းဌာန၏ ပြုပြင်မွမ်းမံစိုက်ပျိုးအလှဆင်မှုကြောင့် မနောရမ္မံပန်းခြံမှာ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုနှင့်အတူ လိုက်ဖက်ညီစွာလှပတင့်တယ်လျက်ရှိသည်။ မြန်မာနိုင်ငံမြို့အသီးသီးတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုများကို ပုံစံအမျိုးမျိုးဖြင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ်သွန်းလုပ်ထားရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုများတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်း၏ကြေးသွန်းရုပ်တုကိုစိုက်ထူထားခဲ့သည်။ ရုပ်တုမှာ ဗိုလ်ချုပ်တရားဟောနေဟန်၊ လက်ကိုဖြန့်ထားဟန်ဖြင့် သွန်းလုပ်ထားသည်။ ထိုရုပ်တုကို လန်ဒန်မြို့ရှိ ဆာဂျွန်ကတ်စ်၏ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီး မစ္စတာကော့ပ်နောလ်က သွန်းထုခဲ့ကြောင်းသိရသည်။ ထိုရုပ်တုကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း အသက် လေးဆယ်ပြည့်သောနှစ်တွင် နိုင်ငံတော်အခမ်းအနားဖြင့် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက ဖွင့်လှစ်ပေးခဲ့ကြောင်း လေ့လာသိရှိရသည်။

အခြား ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအနေဖြင့် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံတွင်လည်း ပန်းပုဆရာကြီးဦးဟန်တင် ပုံစံထုတ်ခဲ့သော ကြေးသွန်းရုပ်တုမှာလည်း ထင်ရှားသည်။ မန္တလေးမြို့တွင်လည်း အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုကိုသွန်းထုခဲ့သည်။ အလျား ၁၅ ပေ၊ အနံ သုံးပေ၊ အမြင့် ၁၄ ပေ၊ အလေးချိန် လေးတန်ရှိသည်။ ထိုရုပ်တုကို တမ္ပဝတီရပ်ကွက် ပန်းတဉ်းရပ်နေ ပန်းတဉ်းပညာရှင်ဦးဝင်းမောင်(ကြေး)နှင့် ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာရှင် မြန်မာမှုပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)တို့ ဦးစီးသွန်းလုပ်ခဲ့ကြောင်း သိရပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဂုဏ်ပြုစိုက်ထူဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ လက်ရှိကာလတွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုကို လှပသော ပန်းမန်များနှင့်အတူ လှပတင့်တယ်စွာ မြင်တွေ့နိုင်သည်။

**(တိမ်တမန်)**

## နေဝင်ချိန်ပုဂံရှုခင်း ဧရာဝတီမြစ်အတွင်းမှ ကြည့်ရှုခံစားနိုင်

**မန္တလေး နိုဝင်ဘာ ၂၂**

ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ၊ ဘုရား၊ ပုထိုး၊ စေတီနှင့်ဗိသုကာလက်ရာများဖြင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိသည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံတကာမှ ဧည့်သည်များလာရောက်လည်ပတ်လျက်ရှိရာ ဧရာဝတီမြစ်အတွင်းမှ ညနေပိုင်း နေဝင်ချိန်အပန်းဖြေရှုခင်းကြည့် အပျော်ခရီးစဉ်များ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ နေဝင်ချိန် အပျော်စီးခရီးစဉ်များကို ပုဂံအခြေစိုက် Cruise de Bagan မှ သုံးထပ်သင်္ဘောဖြင့် စီစဉ်ပေးလျက်ရှိပြီး ခရီးစဉ်တွင် ညနေစာကိုပါစီစဉ်ပေးသည်။

"ပုဂံအလှ ပုဂံရှုခင်းကို ညနေနေဝင်ချိန်မှာ ခံစားကြည့်ရှုပြီး ညစာသုံးဆောင်နိုင်ဖို့အတွက် ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ မနှစ်က ဒီဇင်ဘာလကတည်းက စတင်စိတ်ကူးရခဲ့ပြီး ဝါသနာတူ သူငယ်ချင်း ငါးဦးပူးပေါင်းပြီး လွန်ခဲ့တဲ့လေးလလောက်ကစတင်ပြီး ပြင်ဆင်ခဲ့ပါတယ်။ ဧရာဝတီမြစ်အတွင်းက ပုဂံရှုခင်းကြည့်ခရီးစဉ်ကို ကြည့်ရှုနိုင်မယ့် ပထမဆုံးသင်္ဘောလည်း ဖြစ်ပါတယ်" ဟု Cruise de Bagan မှ ဦးစိုးမိုးက ပြောသည်။

ပုဂံနေဝင်ချိန်ရှုခင်းကြည့်ခရီးစဉ်အား ညနေ ၄ နာရီခွဲတွင် ညောင်ဦးမြို့ သာယာဝတီဆိပ်ကမ်းမှ သုံးထပ်သင်္ဘောဖြင့် စတင်ထွက်ခွာကာ ဧရာဝတီမြစ်အတွင်း လှည့်လည်ပေးမည်ဖြစ်ပြီး ည ၈ နာရီတွင် ကမ်းခြေသို့ ပြန်လည် ဆိုက်ကပ်မည်ဖြစ်သည်။ ခရီးစဉ်အတွက် ဘူဖေးညစာအပါအဝင် တစ်ဦးလျှင် ကျပ် ၃၅၀၀၀ သတ်မှတ်ထားပြီး သင်္ဘောစီးချိန် လေးနာရီခန့်ကြာမြင့်မည်ဖြစ်သည်။

"သင်္ဘောပေါ်မှာ လုံခြုံရေးနဲ့ အသက်အန္တရာယ် ကင်းရှင်းရေးအတွက် အထူးအလေးထားဆောင်ရွက်ပါတယ်။ သင်္ဘောအပေါ်ဆုံးထပ်က ရှုခင်းကြည့်ဖို့နဲ့ အလယ်ထပ်မှာ လူ ၁၅၀ တစ်ပြိုင်နက်တည်း စားသောက်လို့ရမယ့် စားသောက်ခန်းပါရှိပါတယ်။ အောက်ဆုံးထပ်မှာ အထူးစားသောက်ခန်းတစ်ခန်းပါရှိပါတယ်" ဟု မန်နေဂျာ ဦးမျိုးဇေယျက ပြောသည်။

နိုင်ငံတကာမှ ခရီးသည်များသည် ဧရာဝတီမြစ်အတွင်းမှ စက်လှေငယ်များနှင့် မော်တော်များငှားရမ်းကာ အပန်းဖြေအနားယူရင်း ဓာတ်ပုံရိုက်ကူးလေ့ရှိကြသည်။ ယမန်နှစ်က အိန္ဒိယ၊ မြန်မာ၊ တရုတ် သုံးနိုင်ငံမှ ဘာသာရေး ခေါင်းဆောင်များ တွေ့ဆုံပွဲတွင် ညနေပိုင်း မြစ်တွင်းအလှနှင့် နေဝင်ချိန်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ရာမှ ယခုကဲ့သို့ အပျော်စီးသင်္ဘောခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ နေဝင်ချိန် ရှုခင်းကြည့်ရင်း ညစာပါစားသောက်နိုင်မည့် အဆိုပါ အပျော်စီးသင်္ဘောခရီးစဉ်အား အောက်တိုဘာလမှစတင်ကာ လာမည့်သင်္ကြန်ကာလမတိုင်ခင်အထိ နေ့စဉ် ပြေးဆွဲသွားမည်ဖြစ်ပြီး ဧည့်ခံပွဲများကိုလည်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ပုဂံဒေသသို့ ယခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလအထိ နိုင်ငံတကာမှ ခရီးသည် နှစ်သိန်းခန့်ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်း သုံးသိန်းခန့် ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

(၀၀၂)



နည်းပညာ

# အာရှဒေသ၏ အဆိုးရွားဆုံး အင်တာနက်အသုံးပြုမှုများကိုဖော်ထုတ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကမ္ဘာတစ်ဝန်းရှိ အင်တာနက်သုံးစွဲသူများအနက် အာရှဒေသရှိအင်တာနက်သုံးစွဲသူများအကြား အဆိုးရွားဆုံးနှင့် စိတ်အနှောင့်အယှက်ဖြစ်စရာအကောင်းဆုံးသော အချက်များ၊ အလေ့အထများအား မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် တယ်လီနောက စစ်တမ်းကောက်ယူပြီး ယင်းစစ်တမ်းအား နိုဝင်ဘာ ၂၀ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ထိုသို့စစ်တမ်းကောက်ယူရာတွင် စင်ကာပူနိုင်ငံရှိ Penn Schoen Berland အမည်ရ လူမှုသုတေသနကုမ္ပဏီ၏ အကူအညီကိုရယူ၍ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အင်တာနက်အသုံးပြုသူ ၁၀၀ စီ စုစုပေါင်း ၄၀၀ တို့အား စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း တယ်လီနောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့လေ့လာစစ်တမ်းကောက်ယူမှုတွင် မြန်မာနိုင်ငံမပါဝင်ခဲ့သော်ငြား မြန်မာနိုင်ငံတွင်လည်း လူမှုဆက်သွယ်ရေး ကွန်ရက်အသုံးပြုမှုနှင့် အသုံးပြုသူအရေအတွက်မှာ တစ်စတစ်စမြင့်တက်မှုရှိလာပြီး လေ့လာစစ်တမ်းကောက်ယူခဲ့သော နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ လူမှုဆက်သွယ်ရေးကွန်ရက် အသုံးပြုသူများနှင့် အင်တာနက်အလေ့အထများတူညီနေကြောင်း သိရသည်။

စစ်တမ်းကောက်ယူမှုအရ အင်တာနက်အသုံးပြုသူများပြုလေ့ပြုထရှိသည့် စိတ်အနှောင့်အယှက် ဖြစ်စရာအကောင်းဆုံး အမူအကျင့်ငါးချက်မှာ မဟုတ်မမှန်သော ကောလာဟလများဖြန့်ဝေခြင်း (၄၃ ရာခိုင်နှုန်း)၊ လှောင်ပြောင်ကျီစယ်ခြင်း သို့မဟုတ် ရိုင်းပျစွာပြောဆိုကာ စိတ်ဆိုးဒေါသထွက်လာအောင် လှုံ့ဆော်ခြင်း (၃၁ ရာခိုင်နှုန်း)၊ မသင့်လျော်သောအကြောင်းအရာများကို share လုပ်ခြင်း(၂၈ရာခိုင်နှုန်း)၊ အွန်လိုင်းဂိမ်းကစားရန် invite များပေးပို့ခြင်း(၂၇ရာခိုင်နှုန်း)နှင့် ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများ သုံးနှုန်းခြင်းတို့ ဖြစ်သည်။

စင်ကာပူ လူမှုသုတေသနကုမ္ပဏီ Penn Schoen Berland ၏အဆိုအရ အာရှဒေသ အင်တာနက် သုံးစွဲသူများ၏အမြင်သည် ထပ်တူနီးပါးကျသည်ဟုဆိုနိုင်သော်လည်း နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကွဲပြားသည့်အချက်အလက်များရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ အွန်လိုင်းတွင် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းကို ထိုင်းနိုင်ငံမှ ၄၃ ရာခိုင်နှုန်းက စိတ်အနှောင့်အယှက်ဖြစ်စရာ အကောင်းဆုံး အချက်ဟု ဖြေကြားခဲ့ပြီး မလေးရှားမှလည်း ၃၉ ရာခိုင်နှုန်းက သဘောတူခဲ့ကြသည်။ သို့သော် အိန္ဒိယနှင့် စင်ကာပူတို့တွင်မူ အွန်လိုင်းပေါ်၌ ရုန့်ရင်းကြမ်းတမ်းသော အသုံးအနှုန်းများ အသုံးပြုခြင်းအား စိတ်အနှောင့်အယှက်ဖြစ်စရာအချက်အဖြစ် လေးရာခိုင်နှုန်းနှင့် ခုနစ် ရာခိုင်နှုန်းတို့ကသာ သဘောတူခဲ့ကြကြောင်း သိရသည်။

"ဒီစစ်တမ်းကောက်ယူမှုက အင်တာနက်ဟာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ အများကြီး ပျော်ဝင်နေတဲ့ အိုးတစ်အိုးလိုပဲဆိုတာ ပြသလိုက်တာဖြစ်ပါတယ်။ ဒီအချက်က အင်တာနက်ချိတ်ဆက်မှုကြောင့် ပိုမိုကောင်းမွန်တဲ့ ဘဝကိုရရှိနိုင်မယ့် အကျိုးကျေးဇူးတွေအများကြီးရှိသလို ယဉ်ကျေးမှုဓလေ့ကနေ ဖြစ်ပေါ်လာတဲ့ ကွဲပြားခြားနားတဲ့ အမူအကျင့်တွေကြောင့် ထူးခြားတဲ့ စိန်ခေါ်မှုတွေကိုလည်း ပေးစွမ်းနိုင်ပါတယ်။ ကိုယ်တွေလို အွန်လိုင်းအသုံးပြုသူ အချင်းချင်း လေးစားမှုပိုမိုရရှိလာစေဖို့ သူတို့တွေရဲ့ အွန်လိုင်းအမူအကျင့်တွေကို စိတ်ဝင်စားမှုအပြည့်နဲ့ အခုလို ထိထိရောက်ရောက် လေ့လာစစ်တမ်း ကောက်ယူခဲ့တာဖြစ်ပါတယ်"ဟု Telenor Digital AS မှ VP Head of Global Partnerships ဖြစ်သူ Karianne Melleby က စစ်တမ်းကောက်ယူခဲ့မှုနှင့်စပ်လျဉ်း၍ မှတ်ချက်ပြု ပြောကြားခဲ့သည်။

စစ်တမ်းကောက်ယူခံရသူများအား ၎င်းတို့မနှစ်သက်သည့် စိတ်အနှောင့်အယှက်ဖြစ်စရာများကို ကိုယ်တိုင်ပြုလုပ်ဖူးသလားဟု မေးမြန်းရာတွင် အဖြေမှာ အစားအသောက်ဓာတ်ပုံများတင်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုင်းမှ ၃၆ ရာခိုင်နှုန်း၊ မလေးရှားမှ ၃၆ ရာခိုင်နှုန်းနှင့် စင်ကာပူမှ ၂၁ ရာခိုင်နှုန်းတို့က ထောက်ခံကြခြင်းဖြစ်သည်ဟု သိရသည်။

စစ်တမ်းအရ နိုင်ငံအားလုံးရှိ ၆၇ ရာခိုင်နှုန်းသည် အင်တာနက်အလွန်အကျွံစွဲလမ်းသူများအဖြစ် သဘောတူကြပြီး ထိုင်းနိုင်ငံမှာ အများဆုံးဖြစ်ကာ ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ အမျိုးသား၊ အမျိုးသမီးအားလုံးနီးပါးသည် အင်တာနက်အလွန်အကျွံသုံးစွဲသူများဖြစ်ကြောင်း၊ သို့သော် အမျိုးသမီးဦးရေသည် အမျိုးသားများထက် အနည်းငယ်ပိုများကြောင်း၊ အမျိုးသမီးများသည် အမျိုးသားများထက် အင်တာနက်အသုံးပြုမှု အချိန်အတိုင်းအတာ ပိုမိုများပြားပြီး ၂၀ ရာခိုင်နှုန်းသည် တစ်ရက်လျှင် နှစ်နာရီနှုန်းဖြင့် တစ်နှစ်လျှင် နာရီ ၇၃၀ အထိ ပိုမိုအသုံးပြုကြောင်း၊ ထို့အတူ အမျိုးသားများသည်လည်း အမျိုးသမီးများထက် အင်တာနက်အသုံးပြုမှုအကြိမ်အရေအတွက် များပြားကြောင်း၊ အမျိုးသား ၈၉ ရာခိုင်နှုန်းခန့်မှာ တစ်ရက်လျှင် အင်တာနက် အသုံးပြုမှု ကြိမ်ဖန်များစွာ ပြုလုပ်ကြောင်း၊ အမျိုးသား၊ အမျိုးသမီးအားလုံးပါဝင်သည့် ဆန်းစစ်မှုတွင်မူ စင်ကာပူနိုင်ငံသည် အခြားနိုင်ငံများထက် တစ်ရက်လျှင် အင်တာနက်ကိုကြိမ်ဖန်များစွာအသုံးပြုမှု ၉၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သို့သော် ၉၀ ရာခိုင်နှုန်းသော အင်တာနက်အသုံးပြုသူများသည် အင်တာနက်ကြောင့် မိမိတို့ဘဝ တိုးတက်ကောင်းမွန်လာကြောင်း၊ ၈၂ ရာခိုင်နှုန်းက လူမှုကွန်ရက်ကြောင့် ၎င်းတို့၏ မိတ်ဆွေအသိုင်းအဝိုင်း၊ မိသားစုများနှင့် ပိုမိုခိုင်မာသည့်ခင်မင်မှုကို တည်ဆောက်နိုင်ခဲ့ကြောင်း၊ ယင်းကို အိန္ဒိယနိုင်ငံတွင် ပိုမိုလက်ခံကြကြောင်း သိရသည်။

စိတ်အနှောင့်အယှက်ဖြစ်စရာအကြောင်းအရင်းများနှင့် ပတ်သက်၍ မိမိကိုယ်ကိုယ်ထိန်းချုပ်ရန်လိုအပ်ကြောင်းနှင့် မိဘများကလည်း ထိန်းကွပ်ပေးရန်လိုအပ်ကြောင်း စစ်တမ်းကဆိုသည်။ မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအား အင်တာနက်ကို ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်စေရန် ပညာပေးသင်ကြားပေးရမည့် တာဝန်ရှိသည်ဟု ဆိုထားသည်။

"တယ်လီနောရဲ့ အားလုံးအတွက်အင်တာနက် နည်းဗျူဟာနဲ့ ၂၀၁၇ မှာ အင်တာနက်ပုံမှန်အသုံးပြုသူ သန်း ၂၀၀ ရောက်ရှိရေး ရည်မှန်းချက်တွေကြောင့် လာမယ့်နှစ်တွေမှာ အင်တာနက် စတင်အသုံးပြုသူများစွာကို အာရှဒေသမှာ တွေ့ရှိရမှာဖြစ်ပါတယ်။ အင်တာနက်ကို လူများများသုံးလာတာနဲ့အမျှ အင်တာနက်ပေါ်မှာရှိတဲ့ အမူအကျင့်တွေ ဘယ်လိုပြောင်းလဲလာမလဲဆိုတာကို စောင့်ကြည့်ရမှာ စိတ်ဝင်စားဖို့ တော်တော်ကောင်းပါတယ်။ selfie တွေနဲ့ ပတ်သက်ပြီး နောက်ထပ်ထပ်မံ ချိတ်ဆက်အသုံးပြုလာမယ့် လူသန်း ၁၀၀၀ လောက်က ပိုပြီးကောင်းတဲ့ စိတ်ကူးတွေနဲ့ တင်လာမယ်ဆိုရင်လည်း အံ့ဩမိမှာတော့ မဟုတ်ပါဘူး" ဟု Karianne Melleby က မှတ်ချက်ပြုပြောကြားခဲ့သည်။

တယ်လီနောကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၌ တာဝါတိုင်ပေါင်း ၃၅၀၀ ကျော်ဖြင့် 3G ကွန်ရက်ကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း၊ ကွန်ရက်အသုံးပြုသူ ၁၂ သန်းခန့်တွင် ၅၇ ရာခိုင်နှုန်းသည် ပုံမှန် အင်တာနက်အသုံးပြုသူများဖြစ်ကြပြီး ၆၀ ရာခိုင်နှုန်းနီးပါးသည် စမတ်ဖုန်းများ အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံ၏ ဖေ့စ်ဘွတ် အသုံးပြုမှု အားလုံး၏ ၆၀ ရာခိုင်နှုန်းမှာ တယ်လီနောကွန်ရက်ကို အသုံးပြုနေကြကြောင်း သိရသည်။

(ရာမည)

# စမတ်နာရီ Gear S2မြန်မာနိုင်ငံဈေးကွက်သို့ရောက်ရှိလာ

ALEZ

Samsung Gear S2 စမတ်နာရီအား ကမ္ဘာတစ်ဝန်းတွင် စက်တင်ဘာလ အစောပိုင်း၌ စတင်မိတ်ဆက်ခဲ့ပြီးနောက် ယခုမြန်မာနိုင်ငံတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ အဆိုပါစမတ်နာရီအား ထုတ်လုပ်ရောင်းချနိုင်မှုသည် ဝတ်ဆင်နိုင်သော နည်းပညာထုတ်ကုန် အမျိုးအစားများကို တိုးတက်လာစေရန် နောက်ဆုံးပေါ်ဖန်တီးမှုတစ်ခုဖြစ်ကြောင်းသိရသည်။

ထိုပစ္စည်းသစ်သည် လိုက်လျောညီထွေရှိသည့် ဝန်းဝိုင်းသောပုံသဏ္ဍာန်ဒီဇိုင်းနှင့်အတူ အသုံးပြုရလွယ်ကူသည်။ အဆင့်မြင့်တင်ထားသည့် လုပ်ဆောင်ချက်များစွာ ပါဝင်သည်။ လှည့်၍ရသည့် နာရီဘေးဘောင်နှင့်အတူ Home နှင့် Back ခလုတ်များပါဝင်ခြင်းကြောင့် သုံးစွဲသူများအနေနှင့် notifications နှင့် applications များအား ပိုမိုလျင်မြန်ပြီး တိကျသေချာသောနည်းစနစ်များဖြင့် အလွယ်တကူအဆင်ပြေစွာ ဝင်ရောက်ကြည့်ရှုအသုံးချနိုင်မည် ဖြစ်သည်။

သုံးစွဲသူများ၏ အကြိုက်ပေါ်မူတည်၍ ရွေးချယ်နိုင်စေရန် Gear S2 နှင့် Gear S2 classic ဟူ၍ ကွဲပြားသော ဒီဇိုင်းနှစ်မျိုးအား ထုတ်လုပ်ထားသည်။ Gear S2တွင် ကျော့ရှင်းလှပသော အနက်ရောင်နှင့်အတူ လိုက်ဖက်ညီသော သားရေလက်ပတ်ကြိုးအား ပံ့ပိုးပေးထားခြင်းဖြင့် မည်သည့်အခါမျှ ရိုးမသွားနိုင်သော အစဉ်အမြဲဆန်းသစ်နေသည့် နာရီဒီဇိုင်းအား ကြိုက်နှစ်သက်သူများအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။ သွားရင်းလာရင်း အသုံးပြုလိုသူများနှင့် ခေတ်ဆန်သောဒီဇိုင်းအား နှစ်ခြိုက်သူများအတွက် အသင့်တော်ဆုံး ဖြစ်သည်။

"လွန်ခဲ့တဲ့ နှစ်တွေထဲက စမတ်နာရီဈေးကွက်ထဲကို အသစ်အသစ်သော နည်းစနစ်တွေကို ယူဆောင်လာပြီးတော့ ဝတ်ဆင်နိုင်တဲ့ နည်းပညာထုတ်ကုန်တွေကို စတင်တီထွင်ခဲ့ရုံသာမက အဆင့်မြှင့်တင်မှုတွေကိုလည်း လုပ်ဆောင်နေပါတယ်"ဟု Samsung Myanmar မှ Managing Director Mr. Nam Sik Ahn က ပြောကြားခဲ့သည်။

သုံးစွဲသူများ၏ လက်ကောက်ဝတ်၌ ဝတ်ဆင်ရာတွင် ပေါ့ပါး၍ ကျစ်လျစ်သောဒီဇိုင်းရှိပြီး အရွယ်အစားအနေဖြင့် ၁၁ ဒသမ ၄ မီလီမီတာမျှသာထူသောကိုယ်ထည်အား ထည့်သွင်းဖန်တီးထားသည်။ အဆိုပါစမတ်နာရီတွင် ၁ ဒသမ ၂ လက်မအရွယ်အစားရှိသော ဝန်းဝိုင်းပုံသဏ္ဍာန် မျက်နှာပြင်နှင့် ၃၆၀×၃၆၀ resolution (၃၀၂ ppi) ရှိသော ရုပ်ထွက်အရည်အသွေးအား ပံ့ပိုးထားသောကြောင့် စမတ်နာရီတစ်လုံးအတွက် ကောင်းမွန်သော စိတ်လှုပ်ရှားဖွယ်ကြည့်ရှု ခံစားအသုံးပြုမှု အတွေ့အကြုံကို ရရှိနိုင်မည်ဖြစ်သည်။ တစ်ချက်ကြည့်ရုံဖြင့် ပြက္ခဒိန်၊ အီးမေးလ်များ၊ သတင်းအချက်အလက်များအား ကြည့်ရှုစစ်ဆေးနိုင်ရုံသာမက အရေးကြီးသော စာတိုပို့ဆောင်မှုများအား လက်ကောက်ဝတ်မှတစ်ဆင့် အလွယ်တကူပေးပို့နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်အသစ်များဖြင့် လှုံ့ဆော်ပေးမည်ဖြစ်သည်။ ၂၄ နာရီ activity log သည် သုံးစွဲသူများအနေနှင့် နေ့စဉ်လှုပ်ရှားမှု၏ တိုးတက်မှုနှင့် ပုံစံများအား ကြည့်ရှုနိုင်မည်ဖြစ်ပြီး အဆိုပါလုပ်ဆောင်ချက်သည် သုံးစွဲသူများ၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်အား ရောက်ရှိစေရန် အမြဲလုပ်ဆောင်လှုပ်ရှား လိုစိတ်ပေါ်ပေါက်စေရန် အတွက် လှုံ့ဆော်သည့် အနေဖြင့် reminder update များအားလည်း မကြာခဏပေးပို့ပေးနေမည်ဖြစ်သည်။ နှစ်ရက်မှ သုံးရက်အထိ ကြာရှည်ခံသော ဘက်ထရီ၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အားသွင်းရာတွင်လည်း အလုပ်ရှုပ်ခြင်းမရှိဘဲ အလွယ်တကူ အားပြန်သွင်းနိုင်ရန် ပြုလုပ်ပေးထားသည်။ ဘူးအတွင်းမှ ကြိုးမဲ့အားသွင်းနိုင်မည်ဖြစ်သည်။





Samsung Gear S2 ကို မီးခိုးရင့်ရောင်ဘောင်နှင့်အတူ မီးခိုးရင့်ရောင် လက်ပတ်ကြိုးနှင့် ငွေရောင်ဘောင်နှင့်အတူ အဖြူရောင်လက်ပတ်ကြိုး အစရှိသဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး Gear S2 classic တွင် အမည်းရောင်ဘောင်နှင့်အတူ သားရေလက်ပတ်ကြိုး ပါဝင်မည်ဖြစ်သည်။ Gear S2 ကို ကျပ် ၃၄၅၀၀၀ ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး လည်သာလက်ပတ်ကြိုးပါဝင်သည့် Gear S2 classic ကိုမူ ကျပ်၃၇၅၀၀၀ ဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အနုပညာ

# သရုပ်ဆောင် မင်းသမီး ခင်ယုမေ၏ ဘဝတစ်စိတ်တစ်ပိုင်းကိုတူးဖော်ကြည့်ခြင်း





မင်းသမီး ခင်ယုမေ ရုပ်ရှင်ဂီတနှစ်သွယ်ရသူ၊ ရုပ်ရှင်သရုပ်ဆောင်ကောင်းဖြစ်သလို ဂီတတွင်လည်း အဆိုကောင်းသူ ရုပ်ရှင်သရုပ်ဆောင်ပေါင်းများစွာရှိသည့်အနက် သူ၏ ဟန်ပန်အမူအရာ၊ ပြောပုံဆိုပုံ၊ ဝတ်စားဆင်ယင်ပုံ၊ သရုပ်ဆောင်ပုံများသည် အများနှင့်မတူ၊တစ်မူထူးခြားနေပြီး ရိုးရိုးလေးနှင့်ဆန်း၏။ တေးသီချင်း သီဆိုဟန်ကလည်း အခြားသော အဆိုတော်များနှင့်မတူ၊ တစ်ဘာသာခြားနေ၏။ သူ၏အသံကား မြန်မာသံမကျ တရုတ်သံမကျကြားသံ၊ ကပြားသံ အဆိုပိုင်လှသဖြင့် နားဆင်ရသည်မှာ တစ်မျိုးလေးလှပဆန်းသစ်နေပြန်သည်။ မြန်မာ့အသံရေဒီယို တေးသံရှင်ဘဝမှ တစ်စတစ်စ ထင်ပေါ်ကျော်ကြားလာပြီး ရုပ်ရှင်လောကသို့ ကူးပြောင်းသူ၊ ရုပ်ရှင်လောက၌ခြေချရင်း ၁၉၆၀ ခုနှစ်တွင် လူထုစီးကရက်ကုမ္ပဏီ၏ ပြက္ခဒိန်မယ်အဖြစ် ပရိသတ်စိတ်ဝင်စားခြင်းခံရပြန်သည်။

ခင်ယုမေကို ရန်ကုန်မြို့နေ အဘဦးယုစွမ်း၊ အမိဒေါ်ကျင်မြိုင်တို့က ၂၃ -၃ -၁၉၄၇ ရက် အင်္ဂါနေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် ဘီတ့ာ(ခေါ်) မေယုစွမ်၊ ရေဒီယို တေးသံရှင်ခင်ယုဆွေ၏ အစ်မဖြစ်သည်။ ကျောင်းနေစဉ် အားကစားနှင့် ပန်းချီရေးဆွဲခြင်းကို ဝါသနာကြီးခဲ့သည့်အလျောက် နိုင်ငံကျော်ပန်းချီဆရာကြီး ဦးအမ်တင်အေးထံတွင် ပန်းချီပညာများသင်ယူခဲ့သည်။ ပန်းချီပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များ ရခဲ့ဖူးသည်။ ထိုသို့နေလာရင်း ဂီတစာဆိုမြို့မသီးနှင့်တွေ့ပြီး ခင်မင်ရင်းနှီးလာရာမှ မြို့မသီး၏ အားပေးတိုက်တွန်းမှုဖြင့် သီချင်းဆိုဖြစ်သွားသည်။ ခင်ယုမေ၏ ပထမဦးဆုံး မြန်မာ့အသံဓာတ်ပြားရတေးမှာ တေးသံရှင် ပဒေသာမျိုးလှိုင်နှင့် တွဲဖက်သီဆိုခဲ့သော "မြင်းလှည်းလေးနဲ့တူပျော်ပျော်"စုံတွဲတေး၊ ထိုမှဆက်၍ ရေဒီယိုတေးပေါင်းများစွာ သီဆိုခဲ့သည်။ ခင်ယုမေ၏ ဂီတဆရာများမှာ မြို့မသီး၊ ဝဏ္ဏကျော်ထင်စိန်မြမောင်၊ စန္ဒရားချစ်မောင်၊ တေးသံရှင် ကိုမြကြီး၊ တေးသံရှင်ကိုသန်းလှိုင်၊ ခင်ယုမေ၏အောင်မြင်ကျော်ကြားသော တေးပေါင်းများစွာထဲမှ အချို့ကိုကောက်နုတ်ဖော်ပြရပါလျှင် ဂီတစာဆိုစန္ဒရားချစ်မောင်၏လက်ရာ "မေတ္တာမူပိုင်"နှင့်"ပြုံးပန်းဆင်မယ့်သစ္စာမေ" တစ်ကိုယ်တော်သီဆိုထားသည့် တူတူရေ၊ ရိုင်းတဲ့စင်ယော်၊ မိုးနှမလေးနှုတ်ဆက်လွှာ၊ ငွေကြယ်လေးများပမာ၊ အလင်္ကာကျော်စွာဆရာ ရွှေပြည်အေးရေးဖွဲ့ပေးပါသော "စကားတက္ကသိုလ်"နှင့်"မုန့်ဆီကြော်" ဗိုလ်ကလေးတင့်အောင်၏ လက်ရာ အနိုင်ယူမယ်၊ တေးသံရှင်ကိုမင်းနောင်နှင့်စုံတွဲသီဆိုထားသော "ချစ်လွန်းလို့"၊ တက္ကသိုလ်မျိုးချစ်၊ ကိုသက်ဦးတို့နှင့်တွဲဖက်သီဆိုထားသော "ချစ်ကြစမ်းပါ"။

ရေဒီယိုတေးများ အသံလွှင့်နေရင်း ဒါရိုက်တာဦးချင်းစိန်နှင့်ဆက်စပ်မိပြီး "အသက်" ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ စတင်ရောက်ရှိကာ ၁၉၆၀ ပြည့်နှစ်၌ ဇမ္ဗူထွန်းရုပ်ရှင်ကုမ္ပဏီမှ စာရေးဆရာ ဆရာဝန်မောင်သက်၏ ဇာတ်လမ်းကို ဒါရိုက်တာမောင်လှတင်ရိုက်ကူးသည့် "စိုးပါနဲ့မေရယ်"ဇာတ်ကားတွင် မောင်သက်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ မြတ်မော်ဦးရုပ်ရှင်က ဒါရိုက်တာကျော်ဝင်းရိုက်ကူးခဲ့သည့် "ချစ်မဝတဲ့အာရုံ" ဇာတ်ကားတွင် မင်းသားချောမြင့်အောင်(မို့မို့မြင့်အောင်၏ဖခင်)နှင့် တွဲဖက်၍ ထပ်မံသရုပ်ဆောင်ခဲ့ရာ ခင်ယုမေ၏သရုပ်ဆောင်ချက်များသည် မြူးကြွသွက်လက်ပြီး ပရိသတ်ကိုကြည့်မဝအောင် ဆွဲဆောင်နိုင်စွမ်းရှိ၏။

ခင်ယုမေသည် မင်းသားကျော်ဆွေနှင့်အတွဲများသည်။ ပထမဆုံး ကျော်ဆွေနှင့်တွဲဖက်ရိုက်ကူးခဲ့သည့် ဇာတ်ကားမှာ ဒါရိုက်တာလေးမောင်၏ လက်ရာ "စောရမင်းသား" ဆက်၍ မချူသာသည်၊ ပုံပမာ၊ သည်မေတ္တာလမ်း၊ ပုလဲမျက်ရည် စသည့်အဆင့်မြင့်ဇာတ်ကားများကို ကိုကျော်ဆွေနှင့် တွဲဖက်ရိုက်ကူးခဲ့ပြီး အတွဲညီလှသည့်အတွက် ပြသသည့်နေရာတိုင်း ရုံပြည့်ရုံလျှံ။

ခင်ယုမေသည် ၁၉၆၁ ခုနှစ် မန္တလေးရုပ်ရှင်မှ ဒါရိုက်တာလှငြိမ့်၏ လက်ရာ "ကိုယ်ပိုင်မေတ္တာ" ဇာတ်ကားဖြင့် တစ်ကြိမ် "ရွှေချည်ငွေချည်တန်းပါလို့" ဇာတ်ကားဖြင့်တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင် ရွှေစင် ရုပ်ဆုများရရှိခဲ့သည်။ ရုပ်ရှင်သက်တမ်းတစ်လျှောက် ခင်ယုမေပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင် ဇာတ်ကားကြီး ၈၂ ကား၊ ဗီဒီယို နှစ်ကား၊ ရုပ်မြင်သံကြား နှစ်ကားရှိခဲ့ပြီး တွဲဖက်ရိုက်ကူးမှုအများဆုံး ဒါရိုက်တာများမှာ ဒါရိုက်တာဦးချင်းစိန်၊ ဦးသုခ၊ သာဂဒိုး၊ ပန်းသာ တင်ရွှေ၊ မြင့်စိုး၊ တင်ညွန့်၊ ဝင်းဦး၊ အေဝမ်းမောင်လှမျိုး၊ မောင်မောင်သောင်း၊ မင်းနိုင်၊ မြလေး၊ ကျော်ဆွေ၊ ဦးတင်ယု၊ မောင်ဝဏ္ဏနှင့် မီးပွားတို့ ဖြစ်ကြသည်။ ထူးထူးခြားခြား ခင်ယုမေကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သောဇာတ်ကားများမှ "အချစ်ဆုံး မုန်းဘုရင်"နှင့် "တစ်ကျော့ပြန်"။

ပန်းချီဝါသနာပါသော ခင်ယုမေသည် အချုပ်အလုပ်ကျွမ်းကျင်ပြီး အဝတ်အစားများကို ကိုယ်တိုင်ချုပ်၊ ကိုယ်တိုင်ဖက်ရှင်ထွင်ဝတ်သူဖြစ်ရာ ခင်ယုမေဖက်ရှင်တစ်ခေတ် ပေါ်ပေါက်ခဲ့ဖူးသလို ထမီတိုတိုဝတ်သော ခင်ယုမေကို အားကျပြီး အမျိုးသမီးများ ထမီတိုတို လိုက်ဝတ်ကြဖူးသည်ဟုလည်း သိရပြန်သည်။ ခင်ယုမေသည် ရုပ်ရှင်၊ ဂီတအနုပညာလမ်းခရီးများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်စွမ်းရှိသော်လည်း မရဏလမ်းကိုဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်စွမ်းမရှိသို့ဖြစ်၍ မကြာခင်နှစ်အနည်းငယ်အတွင်းက ကွယ်လွန်သွားခဲ့လေသည်။

**မြန်မာ့အသံရေဒီယို တေးသံရှင်ဘဝမှ တစ်စတစ်စထင်ပေါ်ကျော်ကြားလာပြီး ရုပ်ရှင်လောကသို့ ကူးပြောင်းသူ၊ ရုပ်ရှင်လောက၌ ခြေချရင်း ၁၉၆၀ ခုနှစ်တွင် လူထုစီးကရက် ကုမ္ပဏီ၏ ပြက္ခဒိန်မယ်အဖြစ် ပရိသတ်စိတ်ဝင်စားခြင်းခံရပြန်သည်။**

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၁၁ -၂၀၁၅ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁)
၆း၂၀ ပြည်သူ့နီတိ "ပြိုင်တူတွန်းလျှင်ရွှေ့နိုင်ပါသည်"
၆း၃၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၁)
၈း၃၀ ငယ်မူဟန်ပန်သူ့ဆိုဟန် (မာမာအေး) "ချစ်သောည"
၈း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မှချစ်အကြီးကြီးချစ်" (ပထမပိုင်း)(ပြေတီဦး၊ ရဲအောင်၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ ချောရတနာ၊ ဝိုင်းစုခိုင်သိန်း) [ဒါရိုက်တာ- ကိုဇော်(အရုဏ်ဦး)]
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၀ "လှပသောတမန်တော်" (တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ်)
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "သွေးတို့သွေး" (မြင့်မြတ်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "အကောင်းဆုံးဆိုတာ ဘယ်ဟာလဲ" (အပိုင်း-၁) [ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ]
၇း၅၀ New York : Central Park
၈း၀၀ Cartoon Series (English Playground)
၁၁း၀၀ သွားမယ်စားမယ် (မင်္ဂလာပါ)
၁၁း၃၀ Forever Music Tribute Raggae (အပိုင်း-၂) (ပထမပိုင်း)
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၉)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ " Flowers & Butterflies"
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၉)
၃း၄၀ 4 TV 2015 Music Festival Road To (Paet-1)
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Live Jazz By Mauro Monti Trio)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၀)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၁)
၈း၁၅ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၄)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (ဇာတ်သိမ်းပိုင်း)
၁၀း၅၀ Wold of Knowledge (Perilous Journeys : Crossing The Himalaya)
၁၁း၃၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (ဖန်ပန်းအိုးအရှည်နှင့် ပန်းအလှဆင်နည်း)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စိတ်ကူးထဲကချစ်ပုံပြင်
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသခ်ျေ အပိုင်း(၁၁)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၈၀)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အပိုင်း(၄၀)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၂၀)

### mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Myanmar Masterclass: Artist Than Kywe |
| 07:39 | Mt. Naw Bu Baw |
| 07:48 | Moving Meditation: Aikido |
| 08:03 | News |
| 08:27 | Their Traditions and Hot-air Balloon Competition |
| 08:52 | Paper Lantern Festival 2015 in Action |
| 09:03 | News |
| 09:26 | The Beauty of Stylish Myanmar Dress |
| 09:41 | One Heritage……One Festival |
| 10:03 | News |
| 10:27 | Shwe Bo Township Bearing Five Names (Part-1) |
| 10:46 | Shwe Bo Township Bearing Five Names (Part-2) |
| 07:03 | News |
| 07:26 | Food Trip (Ep-3) (Part-1) |
| 07:51 | Paper Lantern Festival 2015 in Action |
| 08:03 | News |
| 08:27 | Taste Of Myanmar (Fried Flat Noodle) |
| 08:50 | Paper Lantern Festival 2015 in Action |

## 2PMအဖွဲ့မှ ဂျန်နို Memory ဒရမ်မာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန်စဉ်းစားနေ



2PM ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ဝင်ဂျန်နိုသည် tvN မှ ပြသသွားမည့် Memory ဒရမ်မာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် အလေးအနက်ထားစဉ်းစားနေကြောင်း အောလ်ကေ ပေ့ါပ်ဝက်ဘ်ဆိုက်က ဖော်ပြသည်။ ဂျန်နိုသည် သရုပ်ဆောင်လောကတွင် အောင်မြင်စွာ ရပ်တည်ရန်အတွက် ဇာတ်လမ်းတွဲများအား ခပ်စိပ်စိပ်ရိုက်ကူးလာခြင်းဖြစ်သည်။ ၂၀၁၅အတွင်းမှာပင် Memories of the Swordဇာတ်လမ်းတွဲနှင့် Twenty ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ယခုတတိယမြောက်ခြေလှမ်းအဖြစ် Memory ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် စဉ်းစားနေခြင်းဖြစ်သည်။

အဆိုပါဇာတ်လမ်းတွဲ၌ ဂျန်နိုသည် ဥပဒေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ မှတ်ဉာဏ်ပျောက်ဆုံးနေသော ရှေ့နေတစ်ဦးအဖြစ် ဝင်ရောက်သရုပ်ဆောင်ရန် ကမ်းလှမ်းခြင်းခံခဲ့ရခြင်းဖြစ်သည်။ သို့သော် ဂျန်နိုက အခြားသော ဂီတဖျော်ဖြေပွဲများလည်းရှိနေသဖြင့် ယင်းဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်လိုသော်လည်း ဖျော်ဖြေပွဲများနှင့်တိုက်ဆိုင်နေမည်ကို စိုးရိမ်သဖြင့် ယခုထိ ယတိပြတ်ဆုံးဖြတ်ချက်မချရသေးခြင်းဖြစ်သည်။

မေလှဲ့သင်း

## အားကစား

# ဗာဒီရဲ့ခြေစွမ်းပြမှုနဲ့အတူ လက်စတာ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်

ရှိုင်ယန်ဟောဒင်



နိုဝင်ဘာ ၂၁ ရက် ညက ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၁၃)မှာ အမှတ်ပေးဇယားထိပ်က မန်စီးတီးရော အာဆင်နယ်ပါ ခြေချော်ပြီး ပြိုင်ဘက်အသီးသီးကိုရှုံးနိမ့်ခဲ့တာကြောင့် လက်စတာနဲ့ မန်ယူတို့က အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့ကြပါတယ်။ လက်စတာက နယူးကာဆယ်ကို အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့အနိုင်ကစားနိုင်ခဲ့သလို တိုက်စစ်မှူး ဗာဒီကလည်း သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုဆိုသူက ပရီမီယာလိဂ်မှာ ၁၀ ပွဲဆက် ဂိုးသွင်းနိုင်တဲ့ ကစားသမားအဖြစ်မှတ်တမ်းဝင်သွားခဲ့ပါပြီ။ အခုပွဲမှာ ဗာဒီသွင်းယူလိုက်တဲ့ အဖွင့်ဂိုးပုံစံက အရင် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျာရတ် ဂိုးသွင်းယူတတ်တဲ့ ဂိုးသွင်းဟန်နဲ့လုံးဝတစ်ထပ်တည်းကျခဲ့ပြီး သူဟာဘယ်အနေအထားကမဆို ဂိုးရရှိအောင် သွင်းယူနိုင်တဲ့ကစားသမားဆိုတာကိုလည်း သက်သေပြနိုင်ခဲ့ပါတယ်။

အဲဒီနောက် လက်စတာကစားသမားတွေဖြစ်တဲ့ အော်လိုဝါနဲ့ အိုကာဇာကီတို့နှစ်ဦးက ဂိုးတွေထပ်မံသွင်းယူခဲ့ကြလို့ ပွဲအပြီးမှာ လက်စတာက သုံးဂိုးပြတ်အနိုင်နဲ့အတူ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ဦးဆောင်နိုင်ခဲ့ပါတယ်။ လက်စတာနည်းပြ ရာနီရေးရီကတော့ ဂျေမီဗာဒီဟာ အံ့ဖွယ်ချန်ပီယံဖြစ်တယ်ဆိုပြီး ပွဲအပြီးသတင်းစာရှင်းလင်းပွဲမှာ ချီးကျူးခဲ့ပါတယ်။

ဗာဒီက ၂၀၁၂ခုနှစ်အထိ ဖလိထ်ဝုဒ်တောင်း လိုအောက်အသင်းလေးအတွက်ပဲ ကစားနေခဲ့ရပေမယ့် သုံးနှစ်အတွင်းမှာ အရင်ကမန်ယူဂိုးသွင်းစက် နစ္စတယ်ရွှိုင်းရဲ့ ၁၀ ပွဲဆက်ဂိုးသွင်းယူနိုင်တဲ့ စံချိန်ကို လိုက်မီတဲ့ကစားသမားအဖြစ်ကိုရောက်ရှိခဲ့ပါပြီ။ ဗာဒီက ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သလို ဝိန်းရွန်းနီကတောင် ဗာဒီရဲ့ခြေစွမ်းပြသနိုင်မှုက အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အပေါင်းလက္ခဏာဆောင်တဲ့ကိစ္စရပ်ပေမယ့် သူ့ရဲ့ပရော်ဖက်ရှင်နယ်သက်တမ်းမှာတော့ ပွဲထွက်ကစားသမားနေရာအတွက် ပထမဆုံးအကြိမ် ခြိမ်းခြောက်ခံနေရပြီလို့ ဝန်ခံခဲ့ရပါတယ်။

ဗာဒီရဲ့လက်စတာက လာမယ့်အပတ်မှာ နစ္စတယ်ရွှိုင်းရဲ့ ကလပ်အသင်းဟောင်း မန်ယူကို ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ ဒါကြောင့်ဒီပွဲစဉ်က ပရီမီယာလိဂ်အမှတ်ပေး ဇယားထိပ်ဆုံးက အသင်းနှစ်သင်းအားပြိုင်ကြမှာဖြစ်တဲ့အတွက် ဘောလုံးပရိသတ်တွေကို ရသအပြည့်ပေးနိုင်ဦးမယ့်ပွဲစဉ်တစ်ပွဲဖြစ်လာဦးမှာပါ။

နစ္စတယ်ရွှိုင်းကတော့ သူ့ရဲ့ စံချိန်ကိုလိုက်မီခဲ့တဲ့ ဗာဒီကို ဂုဏ်ပြုကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ချီးကျူးရေးသားခဲ့ပါတယ်။ ဗာဒီအတွက် ဝမ်းသာစရာကောင်းတာ တစ်ခုက သူဟာ နယူးကာဆယ်ဘက်ကို အဖွင့်ဂိုးသွင်းယူပြီးနောက်မှာ ပြိုင်ဘက်အသင်းပရိသတ်တွေကပါ သူ့ကို လက်ခုပ်တီးပြီး အားပေးခဲ့ကြပါတယ်။ ဒီလိုပြိုင်ဘက် ပရိသတ်တွေကတောင် လက်ခုပ်တီးပြီး အားပေးခံရတဲ့ ကစားသမားဆိုလို့အရင်က ချယ်လ်ဆီးတိုက်စစ်မှူးဇိုလာတစ်ဦးတည်းသာ ပရီမီယာလိဂ်သမိုင်းမှာရှိပါတယ်။

မန်ယူအသင်းကလည်း ဝက်ဖို့ဒ်ကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တဲ့အတွက် မန်စီးတီးနဲ့ အာဆင်နယ်တို့ကို ကျော်ဖြတ်ကာ အမှတ်ပေးဇယား ဒုတိယနေရာကို တက်လှမ်းလာနိုင်ခဲ့ပါတယ်။ မန်ယူမှာ ဝိန်းရွန်းနီနဲ့ မာရှယ်လ်တို့နှစ်ဦးလုံး မပါဝင်နိုင်ခဲ့ပေမယ့် ဒီပေးနဲ့ ဝက်ဖို့ဒ်တိုက်စစ်မှူး ထရိုင်ဒီနီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် အနိုင်ရရှိခဲ့တာပါ။ အာဆင်နယ်ကတော့ ဝက်စ်ဘရွန်းကို နှစ်ဂိုး - တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့သလို မန်စီးတီးကလည်း လီဗာပူးကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား တတိယနဲ့ စတုတ္ထနေရာတွေကို ရောက်ရှိသွားခဲ့ပါတယ်။ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးကတော့ နော့ဝှစ်ချ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူနိုင်ခဲ့ပြီးနောက်မှာ အမှတ်ပေးဇယားအဆင့်(၁၅)နေရာကို တက်လှမ်းလာနိုင်ခဲ့ပါတယ်။

❑ ❑ ❑

# စီရိုနယ်လ်ဒိုအား အိုးထရက်ဖို့ဒ်သို့ ပြန်ခေါ်ယူရန် ဗန်ဟားလ်ဆန္ဒရှိနေ





ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် လက်ရှိစပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားနေသည့် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုအား အိုးထရက်ဖို့ဒ်သို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း အတိအလင်းထုတ်ဖော်ပြောကြားလိုက်သည်။

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ဖြင့် မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ပြီး စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ ထိပ်တန်းဂိုးသွင်းရှင်လည်း ဖြစ်လာခဲ့သည်။

သို့ရာတွင် အသက်(၃၀)အရွယ်ရှိ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်ရှိနေခြင်းကြောင့် မန်ယူအသင်းနည်းပြ ဗန်ဟားလ်က စီရိုနယ်လ်ဒိုအား မန်ယူအသင်းသို့ ပြန်လည်ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုသည် တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုလည်း သုံးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီအစောပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ တိုက်စစ်မှူးရာအူးလ်၏ ဂိုးသွင်းစံချိန်ကိုပင် ချိုးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်း၌ ခြောက်နှစ်ကြာဖြတ်သန်းစဉ်ကာလအတွင်း လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အခြားသောဆုဖလားများကိုလည်း ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့ပြင် မန်ယူအသင်းနည်းပြ ဖာဂူဆန်လက်ထက် မန်ယူအသင်း၌ ကစားခဲ့သည့်ခြောက်နှစ်တာကာလအတွင်းတွင်လည်း မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ် စသည်ဖြင့် ဆုဖလားများ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ၂၀၀၃ ခုနှစ်အတွင်းက စပို့တင်းလစ္စဘွန်းအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၁၂ ဒသမ ၂၄ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ပြိုင်ပွဲပေါင်း ၂၉၂ ပွဲပါဝင် ကစားပေးခဲ့ကာ ၁၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

**ငွေကြယ်**

## သွင်းဂိုးများထပ်မံသွင်းယူပေးဦးမည့် ဒိုင်ဘာလာ

ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာသည် ဂျူဗင်တပ်က အေစီမီလန်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ ယင်းပွဲ၏တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပြီးနောက် သူ၏ နောက်ထပ်သွင်းဂိုးမြောက်မြားစွာကို ဂျူဗီပရိသတ်များ ထပ်မံမြင်တွေ့ရဦးမည်ဟု ကတိပြုပြောကြားခဲ့သည်။ ဒိုင်ဘာလာသည် ပြီးခဲ့သည့်နွေဈေးကွက်တွင် ပါလာမိုမှ ဂျူဗင်တပ်သို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောက်ရှိလာခဲ့သော်လည်း ခြေစွမ်းမပြသနိုင်ခဲ့သဖြင့် ဝေဖန်မှုများ ဆက်တိုက် ကြုံတွေ့နေခဲ့ရသူဖြစ်သည်။ ယင်းနိုင်ပွဲကြောင့် ဂျူဗင်တပ်မှာ အမှတ်ပေးဇယားအဆင့်(၆) နေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီးနောက် ဒိုင်ဘာလာက ယခုပွဲမှာ သူ့အတွက်မမေ့နိုင်စရာ အခိုက်အတန့်တစ်ခုကို ပိုင်ဆိုင်စေခဲ့ကြောင်းလည်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဒိုင်ဘာလာသည် ပွဲကစားချိန် ၆၅ မိနစ်တွင် ဆန်ဒရိုပေးပို့လိုက်သော ဖြတ်တင်ဘောကို ဖော်လီကန်ချက်ဖြင့် အဆုံးသတ်ကာ အနိုင်ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောသောကြောင့် ယခုပွဲစဉ်၏သူရဲကောင်းဖြစ်ခဲ့သည်။

**မေလှဲ့သင်း**

## နိုဝင်ဘာ ၂၄/၂၅ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ်- ဆန်းဒါးလန်း | | နံနက်-၂း၃၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဂီတာဖေး - ဗယ်လီကာနို | | နံနက်-၂း၀၀ |

**ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်များ**

| | | |
|---|---|---|
| ဘိုရီဆော့ဗ် - | လေဗာကူဆင် | ည-၁၁း၃၀ |
| ဇင်းနစ် - | ဗလန်စီယာ | ည-၁၁း၃၀ |
| ဘာစီလိုနာ - | ရိုးမား | နံနက်-၂း၁၅ |
| အာဆင်နယ် - | ဒိုင်နမိုဇာဂရက် | နံနက်-၂း၁၅ |
| ဘိုင်ယန်မြူးနစ် - | အိုလံပီယာကော့စ် | နံနက်-၂း၁၅ |
| ပေါ်တို - | ဒိုင်နမိုကိယက် | နံနက်-၂း၁၅ |
| မက္ကာဘီ - | ချယ်လ်ဆီး | နံနက်-၂း၁၅ |
| လိုင်ယွန် - | ဂျန့် | နံနက်-၂း၁၅ |
| အက်စတာနာ - | ဘင်ဖီကာ | နံနက်-၂း၁၅ |
| CSKA မော်စကို - | ဝုဖ်ဘတ် | နံနက်-၂း၁၅ |

## နိုဝင်ဘာ ၂၂ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဘရွန်း | ၂ | - | ၁ | အာဆင်နယ် |
| အဲဗာတန် | ၄ | - | ၀ | ဗီလာ |
| ဆွမ်ဆီး | ၂ | - | ၂ | ဘုန်းမောက် |
| နယူးကာဆယ် | ၀ | - | ၃ | လက်စတာ |
| ချယ်လ်ဆီး | ၁ | - | ၀ | နော့ဝှစ်ချ် |
| ဆောက်သမ်တန် | ၀ | - | ၁ | စတုတ်စီးတီး |
| မန်စီးတီး | ၁ | - | ၄ | လီဗာပူး |

**စီးရီးအေ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၂ | - | ၂ | ရိုးမား |
| ဂျူဗင်တပ် | ၁ | - | ၀ | အေစီမီလန် |
| ဗီရိုနာ | ၀ | - | ၂ | နာပိုလီ |
| အတ္တလန္တာ | ၀ | - | ၁ | တိုရီနို |
| ကာပီ | ၁ | - | ၂ | ချီယေဗို |
| ဖီအိုရင်တီးနား | ၂ | - | ၂ | အမ်ပိုလီ |
| ဂျီနိုအာ | ၂ | - | ၁ | ဆာစူအိုလို |
| အူဒီးနီးစ် | ၁ | - | ၀ | ဆမ်ဒိုးရီးယား |
| လာဇီယို | ၁ | - | ၁ | ပါလာမို |

**လာလီဂါ ပွဲစဉ် - ၁၂**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၂ | - | ၀ | ဆီဗီလာ |
| ရီးယဲလ်မက်ဒရစ် | ၀ | - | ၄ | ဘာစီလိုနာ |
| အက်စ်ပန်ညို | ၂ | - | ၀ | မာလာဂါ |
| ဗလန်စီယာ | ၁ | - | ၁ | လက်စ်ပဲလ်မက်စ် |
| ဒီပို့တီဗို | ၂ | - | ၀ | ဆယ်တာဗီဂို |
| စပို့တင်းဂီဂျွန် | ၀ | - | ၃ | လီဗန်တေး |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| ဂလက်ဘတ် | ၂ | - | ၁ | ဟန်နိုဗာ |
| ဝုဖ်ဘတ် | ၆ | - | ၀ | ဝါဒါဘရီမင် |
| စတုဂတ် | ၀ | - | ၄ | အော့စ်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၃ | လေဗာကူဆင် |
| ကိုလုံး | ၀ | - | ၀ | မိန့်ဇ် |
| ရှော်လ်ကေး | ၁ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ဟာသာဘာလင် | ၁ | - | ၀ | ဟော့ဖန်ဟိမ်း |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| လောရီယန့် | ၁ | - | ၂ | ပီအက်စ်ဂျီ |
| မိုနာကို | ၁ | - | ၀ | နန့်တက်စ် |
| ဂူအင်ဂမ့် | ၂ | - | ၀ | တူးလော့စ် |
| ထရွိုင်ယက်စ် | ၁ | - | ၁ | လိုင်လီ |
| မောင့်ပယ်လီယာ | ၃ | - | ၁ | ရိန်းစ် |
| ဘက်စတီယာ | ၁ | - | ၂ | ဂါဇီလက် |
| ကိန်း | ၀ | - | ၀ | အန်းဂါးစ် |

**မောင်မောင်ဇော်**

**ပြည်တွင်းရေးရာ**

# မြောင်းမြမြို့ ရဲကျော်သူခန်းမ၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**မြောင်းမြ နိုဝင်ဘာ ၂၂**

မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြောင်းမြ(မြို့မ)ရဲစခန်း၏ အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ် စကားဝိုင်းဆွေးနွေးပွဲအား နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မြောင်းမြ(မြို့မ)ရဲစခန်း(ရဲကျော်သူ)ခန်းမ၌ပြုလုပ်ရာ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်စိုး၊ မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးမင်းသိန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှထွန်း၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ်အောင်ဆွေမြင့်နှင့် ခရိုင်နှင့်မြို့နယ်မှရဲတပ်ဖွဲ့ဝင်များ၊ မြောင်းမြမြို့ပေါ်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ၌ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက အမှာစကားပြောကြားပြီး မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးအေးမင်းသိန်းက ရဲလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ လုံခြုံရေး၊ မှုခင်းကျဆင်းရေးများ ဆောင်ရွက်သည့်အပြင် နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၅ ရက်အတွင်း လူသတ်မှုတစ်မှု၊ တစ်လင်တစ်မယားမှုတစ်မှုအပါအဝင် တစ်ပတ်အတွင်း အမှုပေါင်း ၁၈ မှုဖြစ်ပေါ်ခဲ့ရာ ထိုကဲ့သို့ မဖြစ်ပွားရန် မည်သို့ကုစားမည်ကို တက်ရောက်လာသူများမှ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးလှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ မြောင်းမြမြို့တွင် ယခင်နှစ်က ယာဉ်ကြောင့်သေဆုံးမှု ခြောက်ဦးသာရှိခဲ့ပြီး ယခုနှစ်တွင် ၁၂ ဦး သေဆုံးခဲ့မှုနှင့် ပက်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန်အတွက် ပြည်သူများမှ ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူတစ်ဦးမှ (COMMUNITY POLICING )ပတ်သက်၍ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်းအပြန်အလှန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကလေးများ အကြမ်းဖက်မှုမှန်သမျှ ယနေ့မှစ ရပ်တန့်ကြဟူသော ဆောင်ပုဒ်နှင့်အညီ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် အထိမ်းအမှတ် UNCRC Day အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

UNCRC Day အခမ်းအနားကို ဘားအံ မူလတန်းကြိုကျောင်းရင်သွေးငယ်များက မြန်မာပြည်ရဲ့ထာဝရအလှ သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြသည်။ ယင်းနောက်ခေတ္တ ကရင်ပြည်နယ် ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီးနောက် UNCRC Day အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းကလည်းကောင်း၊ သုံးမွှာပူးမွေး ကလေးမိခင်အား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သော ထောက်ပံ့ငွေငါးသိန်းအား ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်ကလည်းကောင်း၊ ဖျော်ဖြေရေး၊ ထောက်ပံ့ငွေများကို ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်မိစန်းခင်ကလည်းကောင်း အသီးသီးချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများမှ ကလေးသူငယ်များက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ပညာပေးပြဇာတ်များ၊ တေးသီချင်းများကို တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကျောင်းသား၊ ကျောင်းသူများ မြန်မာစာစွမ်းရည်ယှဉ်ပြိုင်

**မြင်းမူ နိုဝင်ဘာ ၂၂**

မြန်မာစာ တိုးတက်မြင့်မားရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာစာစွမ်းရည် မြင့်မားရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ၏ မြို့နယ်အဆင့် မြန်မာစာ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်ကမြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

“မြို့နယ်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ဒီနှစ်မှာ ပထမအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို မြို့နယ်အတွင်းမှာရှိတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အားလုံးက ကျောင်းသားတစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ မြို့နယ်အဆင့်မှာ ရွေးချယ်ခံရတဲ့ ကျောင်းသား၊ ကျောင်းသူများက တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်” ဟု မြင်းမူမြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းက ပြောသည်။

အဆိုပါ မြို့နယ်အဆင့် မြန်မာစာစွမ်းရည် ပြိုင်ပွဲသို့ မူလတန်းအဆင့် ၁၀၀၊ အလယ်တန်းအဆင့် ၃၀နှင့် အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြင်းမူမြို့နယ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာ၊ ဆရာမပြိုင်ပွဲများတွင်လည်း မြို့နယ်ကိုယ်စားပြု ဆရာ၊ ဆရာမများက နှစ်စဉ်ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးခါး**









**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊မြေကွက်အမှတ်(၁၂၀/ဃ)၊မြေကွက်တည်နေရာအမှတ်(၇/ခ)ဦးဖေသင်လမ်း၊(င/ခ)ရပ်ကွက်၊သင်္ဃန်းကျွန်း၊မောင်ဘေသင်းအမည်ပေါက်မြေပိုင်မြေအားအမည်ပေါက်ထံမှအရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၄၂၇၇/၂၀၁၃ဖြင့်ဝယ်ယူထားသူဦးခင်မောင်သန်းကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်ခင်သီတာထွန်း(၁၂/သဃက(နိုင်)၁၅၁၆၁၅)နှင့်သားများဖြစ်သူ(၁)မောင်သက်ကိုဦး(၁၂/သဃက(နိုင်)၁၈၃၁၉၆)၊(၂)မောင်ကောင်းမြတ်ဦး(၁၂/သဃက(နိုင်)၁၈၃၁၉၇)၊(၃)မောင်ပြည့်ဖြိုးအောင်(၁၂/သဃက(နိုင်)၁၈၃၁၉၈)တို့ကဇနီးနှင့်သားများဖြစ်ကြောင်းကတိသစ္စာပြုလွှာ၊သေစာရင်း၊ထောက်ခံကျမ်းကျိန်လွှာတင်ပြ၍အမွားပြင်စာချုပ်ချုပ်ရန်နှင့်ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ခါကာဘိုရာဇီ** ကားမျိုးစုံစင်းလုံးငှါးအထူးလျော့ဈေး

- ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)(စား/တည်းငြိမ်း–၃၀၀၀၀/–)
- ငွေဆောင် (စား/တည်းငြိမ်း– ၂ ညအိပ်၊ ၃ရက်– ၅၀၀၀၀/–)
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
- မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်
- ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး အပတ်စဉ်(သောကြာ)

တိုက်(၃၆)၊ ကျောက်မြောင်း၊
0973257853
09440023997
0943160345

**စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| **(1) Waiter** | ကျား/မ(၃၀)ဦး |
| အသက်(၁၈-၂၅) | |
| **(2)** သန့်ရှင်းရေး-လုံခြုံရေး | ကျား/မ(၈)ဦး |
| အသက်(၁၈-၃၈) | |
| **(3)** မီးဖိုချောင်အကူ | ကျား/မ(၁၅)ဦး |
| အသက်(၁၈-၂၅) | |

(နေ/စား စရိတ်ငြိမ်း) (လစာ ၇၀၀၀၀-၁၅၀၀၀၀ )
ဆက်သွယ်ရန် ဖုန်း -၀၉-၇၈၀၆၆၃၈၁၆၊ ၀၉-၂၆၁၇၃၁၁၅၁
အမှတ်(၉၅/C)၊ ဗညားဒလလမ်း။

## ပဲစင်းငုံမျိုးသန့် မျိုးပွားရေးနှင့်အထွက်နှုန်းကောင်းနည်း တောင်သူများသို့ပညာပေး

**မလှိုင် နိုဝင်ဘာ ၂၂**

မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံမျိုးသန့် မျိုးပွားစေရန်နှင့် အထွက်နှုန်းမြင့်မားစေသည့် နည်းပညာ တောင်သူများသိရှိရန် ပညာပေးဟောပြောပွဲနှင့် ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျပ်ဆည်ကျေးရွာအုပ်စု ဆပ်ခင်းကြီးကျေးရွာ ကွင်းအမှတ် (၄၀၀ / ၂၀၅၈) ရှိ တောင်သူ ဒေါ်အေးကြိုင်၏ မုံရွာရွှေဒင်္ဂါးပဲစင်းငုံမျိုးသန့် ငါးဧကစံပြကွက်၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က ပညာပေးဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုက ကုန်ကျစရိတ်သက်သာ၍ အထွက်တိုးစေသည့် ယူရီယားမြေဩဇာနှင့် လက်ချားမှုန့်အသုံးပြုနည်းကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယူရီယားမြေဩဇာနှင့် လက်ချားမှုန့်များကို တောင်သူများအားပေးအပ်ရာ ပဲစင်းငုံမျိုးသန့်မျိုးပွားစိုက်ခင်းအား လက်တွေ့စုပေါင်းဆေးပက်ဖျန်းခဲ့ကြသည်။

"အထွက်နှုန်းကောင်းပြီး ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မုံရွာရွှေဒင်္ဂါးပဲစင်းငုံမျိုးကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မျိုးပြောင်းလဲစိုက်ပျိုးစေချင်တာပါ။ တောင်သူတွေ လုပ်ရတာခြင်းအတူတူ ပိုမိုအကျိုးရှိစေချင်လို ခုလိုလက်တွေ့ခေါ်ပြတာပါ။ မျိုးပြောင်းလဲစိုက်ပျိုးမယ်ဆိုရင်လည်း မျိုးဖြန့်နိုင်အောင် မျိုးစေ့ဘဏ်စနစ်ဖြင့် မျိုးသန့် မျိုးပွားအောင် ဆောင်ရွက်ပေးနေပါတယ်။

'ယမန်နှစ်က ဧက ၆၀ စိုက်ပျိုးပြီး တောင်သူများထံ မျိုးဖြန့်ဝေပေးခဲ့တယ်။ ဒီနှစ်ဧက ၁၀၀ အကွက်ကျယ်စံပြကွက် တိုးချဲ့စိုက်ပျိုးထားပြီးတောင်သူများထံ ဆက်လက်မျိုးဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုန်ကျစရိတ်နည်းနည်းနှင့် အစေ့အဆန်အောင်မြင်ပြီးအထွက်နှုန်းတိုးစေတဲ့ ယူရီယားမြေဩဇာနှင့်လက်ချားမှုန့် သုံးနည်းကိုလည်း သိစေချင်လို့ ခုလို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုက ပြောပြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဆပ်ခင်းကြီး၊ တည်ကုန်း၊ မင်းလှ၊ သပြေလှ၊ ငွေးကုန်း၊ ယာရှည်ကျေးရွာများမှ တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

## တာဘထော့ကျေးရွာအခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အမိုး အကာမလုံဘဲ ပညာသင်ကြားနေရ

**ရေး နိုဝင်ဘာ ၂၂**

ရေးမြို့နယ် လမိုင်းမြို့ ဘဲလမုကျေးရွာအုပ်စု တာဘထော့ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းဖွင့်ရာသီကာလပတ်လုံးတွင် မိုးဒဏ်လေဒဏ်များကြားမှာ အတန်းဘာသာရပ်စာပေများကိုအခက်အခဲများနဲ့ရင်ဆိုင်ကြုံတွေ့သင်ကြားနေကြရကြောင်း သိရသည်။

အဆိုပါ စာသင်ကျောင်းတွင် ပညာရေးဝန်ထမ်းငါးဦးနဲ့ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၅၀ ရှိရာ စာသင်ကြားနေချိန်ကာလပတ်လုံးတွင်လည်း အမိုး၊ အကာများက လုံခြုံမှုမရှိသဖြင့် မိုးရာသီတွင် မိုးသက်လေပြင်းဒဏ်ကို ခံစားရပြီး ခြောက်သွေ့သောရာသီတွင် ပူးပြင်းသောအပူဒဏ်ကိုလည်း ခံစားနေရကြောင်း၊ အမိုးအကာများမှာ ပညာသင်နှစ်အတွင်း ဆွေးမြည့်ဟောင်းလာ၍ တစ်ပိုင်တစ်နိုင်ပြုပြင်ပေးနေရကြောင်း ကျေးရွာတာဝန်ရှိသူများကပြောသည်။

အဆိုပါကျောင်းဆောင်အား အသစ်ဆောက်လုပ်ပေးနိုင်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများထံသို့ တင်ပြတောင်းဆိုထားသော်လည်း ယနေ့အချိန်အထိ အကောင်အထည်ဖော်ဆောက်လုပ်ခြင်းမရှိသေးကြောင်း သိရသည်။

ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများနှင့်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများမှာ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားခွင့်ရနိုင်ရန်အတွက် မျှော်လင့်နေကြကြောင်း ကျေးရွာတာဝန်ရှိသူတစ်ဦးက ပြောသည်။ **ထွန်းထွန်း(ရေး)**



## ချောက်မြို့နယ် တောင်နောက်ကျေးရွာတွင် ကျေးရွာသုံးစိုက်ခင်းလွှဲပြောင်းပေးအပ်

**ချောက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ကျေးရွာသုံးစိုက်ခင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို တောင်နောက်ကျေးရွာ ဓမ္မာရုံ၌ မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ချောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြား၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးကလည်း ကျေးရွာသုံးရွာ စိုက်ခင်း လွှဲပြောင်းပေး အပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့်မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးတို့က စိုက်ခင်းလွှဲပြောင်းပေးအပ်သော ငွေးချို၊ တောင်နောက်၊ အုတ်တွင်းကျေးရွာသုံးရွာ၏ စိုက်ခင်းကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများထံ စာရွက်စာတမ်းများ အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သစ်တော သဘာဝ သယံဇာတများပြုစုထိန်းသိမ်းကာကွယ်ရေး၊ စနစ်တကျသုံးစွဲရေး၊ အသိတရားများ ဒေသခံများတွင် တိုးပွားလာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ရည်ရွယ်၍ စိုက်ခင်းများလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမြို့နယ်ဦးစီးအရာရှိကပြောသည်။ **ဝင်းအိမွန်(ပြန်ဆက်)**

Fame Mega Fashion Design & Tailoring Training Centre (ပညာဒါန သင်တန်း)

ခေတ်မီလှပ၍ စတိုင်ကျကျသပ်ရပ်သော အဝတ်အစား ဒီဇိုင်နာ ဖြစ်လိုသူများအတွက် ပညာဒါနသင်တန်း အမှတ်စဉ် (၉)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ (၃၀–၁၁–၂၀၁၅) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက် – လူဦးရေကန့်သတ်ထားပါသည်။ ★ တစ်ဦးချင်းသီးသန့် တန်းခွဲများရှိသည် ★ ဖုန်း – ၀၉ ၂၅၄၁၅၆၈၃၁၊ ၀၉ ၂၅၀၆၃၉၉၉၆၈ လိပ်စာ – တိုက်(၁၄၀)၊ ၄၈ လမ်း (အပေါ်ဘလောက်) ဗိုလ်တထောင်မြို့နယ်။

ဒေါ်ယုယုမြင့်

ACCA | CIMA | DIP IFR | LCCI

Auto Count | Job Training | Corporate Training

◆ အမှတ်(၁၁၇)၊ ၅-ထပ်၊ စဉ့်အိုးတန်းလမ်း (အထက်)၊ (၁၈လမ်းနှင့် ၁၉လမ်းကြား)၊ လသာမြို့နယ်။

09 795940344, 09 73030977, 09 5014563

### တိုက်ခန်းကိုဝယ်ယူ၍ လက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊(က)ရပ်ကွက်၊နတ်စင်လမ်း၊အမှတ်(၄၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲRC(၅)ထပ်တိုက်(၂)လုံးမှ အာသာဝတီလမ်းဘက်ထောင့်တိုက်သစ်မှ (၃)လွှာ(မျက်နှာချင်းဆိုင်ကြည့်လျှင်)ယာဘက်ခန်းကို ကျွန်ုပ်မိတ်ဆွေ-ဦးနေဝင်း(၇/တငန(နိုင်)၀၆၃၇၈၀)မှလည်းကောင်း၊(၄)လွှာ(မျက်နှာချင်းဆိုင်ကြည့်လျှင်)ယာဘက်ခန်းကို ဦးအောင်မြင့်(၇/ပမန(ပြု)၀၀၀၅၂၅)မှလည်းကောင်း၊ကန်ထရိုက်တာ-ဒေါ်ဝင်း(AKB-၂၁၀၈၅၁)ထံမှ တိုက်ခန်း တန်ဖိုးငွေအပြီးအကြေပေးချေ ဝယ်ယူ၍ တိုက်ခန်း(၂)ခန်းကို အသီးသီးလက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း ကြော်ငြာအသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးနေဝင်း (၇/တငန(နိုင်)၀၆၃၇၈၀)
ဦးအောင်မြင့် (၇/ပမန(ပြု)၀၀၀၅၂၅)

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းရီ
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၇၈)
ဖုန်း- ၀၉-၄၂၅၀၂၀၄၁၅။

### သွေးသည်အသက်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/သမိုင်း)၊ လူနေ ရပ်ကွက်အမှတ် (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ မြေကွက်အမှတ်(၁၉/ဃ)၊ အိမ်အမှတ် (၉၁/စီ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသောနေအိမ်အဆောက်အအုံများထဲမှ တိုက်အမှတ်(A))၊ စတုတ္ထထပ်၊ (၅)လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား×အနံ)ပေ(၁၄×၄၅)ရှိသော တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သော ဒေါ်ခင်စန်းမြင့်(ကန်ထရိုက်တာ)[၁၂/ကမရ(နိုင်)၀၄၈၀၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ နေအိမ်တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ၊ ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးဝင်း(စဉ်-၉၇၆၉)**
**M.Div, LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၂၃)၊ ရတနာသုခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၇၆၃၅၁၊ ၀၉-၂၅၄၅၇၀၇၈၁**

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၄/၃၊ မြေကွက်အမှတ် – ၁၁၀/၁၊ အကျယ် (၂၉'.၆" × ၅၆') ပေရှိ နှစ် (၆၀) ဂရန်မြေဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၁၁၀/၁) ဟုခေါ်တွင်သော **ဦးကျော်တင့်**အမည်ပေါက် မြေကွက်နှင့်တကွ အဆောက်အဦးအား အပြီးအပိုင် ဝယ်ယူရန်အတွက် (၁၃–၁၁–၂၀၁၅) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေမှ ပထမအရစ်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသက်ဆိုင်သည့် စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –
**ဦးထွန်းသန့်ဇင်အောင်**
LL.B, WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၄၂)၊ အခန်းအမှတ် (C-1)၊ May Shopping (အပေါ်ထပ်)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၅၁၅၀၄၀၃

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၂၃/၂၅) ပေါ်တွင် ဆောက်လုပ်ဆဲ (၈½)ထပ်အဆောက်အအုံ၏ ယာဘက်ခြမ်းမှအနောက်ဘက်အခြမ်း၊ အခန်းအမှတ်(၁၀၃)၊ အကျယ်အဝန်းပေ(၄၇×၅၅½)ခန့်မှန်းရှိ ပထမထပ်(၂)လွှာ၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြေရှင်ဦးကြည်ဝင်း+(၄)နှင့် မိမိတို့ချုပ်ဆိုထားသောစာချုပ်အရ ကန်ထရိုက်တာ ဦးမြင့်ဇော်[၁၂/ပဘတ(နိုင်)၀၁၈၃၃၃](မန်နေဂျင်းဒါရိုက်တာ ငပလီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)မှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**ဒေါ်ရတနာဆွေ LL.B,D.B.L** — **အထက်တန်းရှေ့နေ(စဉ်-၃၈၄၉၇)**
**အမှတ်(S-18)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၅၀၆၄၀၊ ၀၉-၇၃၁၆၉၃၀၀၊ ၀၁-၂၄၅၃၀၆**

## ပြည်တွင်းရေးရာ

## သတင်းစာဆရာအသင်းဖွဲ့စည်းတာဝန်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်း ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ကမာရွတ်မြို့နယ် အမှတ် ၂ ရပ်ကွက် အင်းစိန်လမ်းမ အင်းလျားရွာသစ်ဘုန်းတော်ကြီးကျောင်း ဝိသာခါစံကျောင်း၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်း သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာဦးယဉ်ကျော်က မြို့နယ်အမှုဆောင်အဖွဲ့များအား တာဝန်ပေးအပ်ပြီး၊ တိုင်းဥပဒေ အကြံပေးဦးညဏ်ဝင်း(တရားသူကြီး၊ အငြိမ်းစား)က သတင်းစာဆရာများ သိသင့်သောဥပဒေအကြောင်းများ အသိပေးပြောကြားခဲ့သည်။ ယင်းနောက် ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဆရာမ နိုက်တင်ဂေး(မီးအိမ်ရှင်)က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **ကျော်လှိုင်(ကမာရွတ်)**

## ဒီးမော့ဆိုမြို့နယ်၌ နယ်လှည့်ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဒီးမော့ဆို နိုဝင်ဘာ ၂၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများသို့ ဟောပြောပွဲများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲစသော နယ်လှည့်စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ယူဆမိုဆိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့် ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစောဖိုးမောင်က အခြေခံပညာကျောင်းများသို့ နယ်လှည့်ဝန်ဆောင်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က စာဖတ်ခြင်းအလေ့အထ၊ စာဖတ်ခြင်း အကျိုးကျေးဇူးနှင့် မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နယ်လှည့်ဝန်ဆောင်မှုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာစောင်များကို ငှားရမ်းပေးပြီး မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်း မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနည်း လက်တွေ့ သရုပ်ပြအခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး နိုဝင်ဘာ ၂၂**

လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း လက်တွေ့သရုပ်ပြ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်ရဲတပ်ဖွဲ့ဝင်း အတွင်းရှိ စစ်ရေးပြကွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းလက်တွေ့ သရုပ်ပြပွဲသို့ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်၊ စစ်ဗျူဟာအခြေချ(ဟားခါး) စစ်ဗျူဟာမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်နှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက် )**



## ဟိုပန်၌မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဟိုပန် နိုဝင်ဘာ ၂၂**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ နိုဝင်ဘာ ၂၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဟိုပန်မြို့နယ်ရှိ ရွှေဝါ၊ နောင်မို၊ ကောင်းကော်၊ ပန်လော့၊ နောင်အွန်၊ စံပြ၊ ထူးထူးဟော်ကျေးရွာများရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် ဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီအဖွဲ့များ၏ စာရင်းဇယားနှင့် ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်ကျေးလက်**

## ဝက်လက်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**ဝက်လက် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အပ်ချုပ်စက်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ၌ ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးအောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဝက်လက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရှိစေရန် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခဲ့ရာ သင်တန်းကာလမှာ တစ်လကြာခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

Mr. Myanmar

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ

UMTA

(၅ည/၆ရက်) Bhutan USD 2290

(၁၅ည/၁၆ရက်) Europe USD 5150

| | | | | | |
|---|---|---|---|---|---|
| ဂျပန် ၉ရက် | - 3000 USD | စင်ကာပူ ၄ရက် | - 890 USD | ဝန်ကောက် ၅ရက် | - 590 USD |
| ကိုရီးယား ၈ရက် | - 2490 USD | စင်ကာပူ ၅ရက် | - 990 USD | ချင်းမိုင် ၅ရက် | - 870 USD |
| ဒူဘိုင်း ၇ရက် | - 2300 USD | မလေးရှား ၄ရက် | - 700 USD | ဖူးခက်ကမ်းခြေ ၄ရက် | - 790 USD |
| တရုတ်ပြည် ၇ရက် | - 1350 USD | စင်ကာပူ-မလေးရှား ၈ရက် | - 1550 USD | ပတ္တရားကမ်းခြေ ၄ရက် | - 510 USD |
| ဟောင်ကောင် ၅ရက် | - 1550 USD | စင်ကာပူ-ဘင်တန် ၅ရက် | - 1110 USD | ဗီယက်နမ် ၇ရက် | - 1150 USD |
| ဟောင်ကောင် ၈ရက် | - 1890 USD | ဘာလီကျွန်း ၇ရက် | - 1200 USD | ဗီယက်-ကမ္ဘောဒီးယား ၈ရက် | - 1220 USD |

တိုက်(၂၉/၃၀)၊ ပထမထပ်၊ ပေါ်ရိုစည်အိမ်ရာ၊ လှမ်းမတော်။ Ph: 228828, 09799753144, 09799753155

ဦးဇော်မင်းအောင်

B.A (Korean), Y.U.F.L

(I.E.K.C.S) Song Kong Hoe University, S-Korea

ကိုရီးယားဘာသာစကားသင်တန်းကျောင်း

Centre (1) အမှတ်(၂၆၃) ဒုတိယထပ်၊ ကျိုက္ကဆံလမ်းနှင့် ၁၅၃ လမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

သင်တန်းစမည့်နေ့ – 29. 11. 2015 (တနင်္ဂနွေနေ့)

သင်တန်းချိန် – 2 : 30 to 4 : 30 (PM)

သင်တန်းချိန် – 6 : 00 to 7 : 30 (PM)

Centre (2) သုခလမ်း ၊စက်ဘူလမ်း(ကျောကပ်)၊အရှေ့ပိုင်းတက္ကသိုလ်ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်။

သင်တန်းစမည့်နေ့ – 29. 11. 2015 (တနင်္ဂနွေနေ့)

သင်တန်းချိန် – 9 : 00 to 11 : 00 (AM)

Ph. 09 450 048 814, 09 799 373 700, 09 425 292 545, 09 864 56 10

ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ စတုတ္ထအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆုကို "၂၀၁၅" တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်၍ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူသည်-

(၁) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ မိသားစုဓာတ်ပုံနှင့် နေအိမ်ဓာတ်ပုံ

(၂) ကိုယ်ရေးအချက်အလက်အပြည့်အစုံ

(၃) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

(၄) တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူ

(၅) သက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်မိတ္တူ

(၆) မိဘအလုပ်အကိုင်နှင့် ဝင်ငွေ

(၇) ညီအစ်ကိုမောင်နှမများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ပညာရေး (ဥပမာ - ကျောင်းသားဖြစ်ပါက တက်ရောက်ပညာသင်ကြားနေသည့် အတန်း၊ တက္ကသိုလ် အပြည့်အစုံ)

(၈) မိမိကိုယ်တိုင်၊ မိဘ၊ အခြားယုံကြည်ထိုက်သူတစ်ဦး၊ စုစုပေါင်းသုံးဦးတို့၏ ပညာသင်ဆု လျှောက်ထားရခြင်းအကြောင်း ရှင်းလင်းတင်ပြချက် (ကိုယ်တိုင်လက်ရေးအသီးသီးဖြင့်)

(၉) ကျောင်းစာပြင်ပလှုပ်ရှားမှုနှင့် အောင်မြင်မှုများ(အထောက်အထားမိတ္တူဖြင့်)

(၁၀) ဘဝရည်မှန်းချက် (ကိုယ်တိုင်လက်ရေးဖြင့်)

(၁၁) ဆရာတော်အရှင်ဆန္ဒာဓိက၏ စာအုပ်များ ဖတ်ဖူးပါက မည်သည့်စာအုပ်ကို မည်သည့်အတွက်ကြောင့် အနှစ်သက်ဆုံးဖြစ်ကြောင်း နားလည်ခံစားချက် (ကိုယ်တိုင်လက်ရေးဖြင့်)တို့ကို "ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ အမှတ်(၆၁)၊ မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့" သို့ ဒီဇင်ဘာလ (၂၀) ရက်နေ့ နောက်ဆုံးထားပေးပို့၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများအနက် အလိုအပ်ဆုံးသူများကို လူတွေ့မေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ဖြင့် စနစ်တကျ စိစစ်ရွေးချယ်၍ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အခမ်းအနားဖြင့် ပညာသင်ဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း

# ကွမ်တာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့်ဆိုင်ကယ်ပြင်လုပ်ငန်းဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆိုင်ကယ်ပြင်လုပ်ငန်း ဆောင်ရွက်နေမှုအား ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးနေဦးနှင့် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဦးစီးမှူးဦးသိန်းစိုးတို့သည် နိုဝင်ဘာ ၂၀ ရက်က သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ဘဏ္ဍာငွေ ထိန်းသိမ်းရေး၊ လည်ပတ်ရန်ပုံငွေနှစ်စဉ် တိုးပွားလာစေရေး၊ ကော်မတီဝင်များနှင့် ကျေးလက်ပြည်သူများမှ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံအား နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၉၀ ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လိုအပ်သော အရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ကွမ်တာကျေးရွာတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆိုင်ကယ်ပြင်လုပ်ငန်းကို လည်ပတ်စွာ ဆောင်ရွက်နေသောကြောင့် အိမ်ခြေ ၁၃၆၊ လူဦးရေ ၆၅၀ တို့အတွက် လိုအပ်သောအရင်းအနှီးများရရှိစေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနားကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၂၂**

ကော့သောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် World Vision Myanmar(ကော့သောင်း) တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (၂၆)ကြိမ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အခမ်းအနားအား နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မဇ္ဈိုသကပြည်သူ့ခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ဘုန်းမြတ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ World Vision Myanmar ဌာနေကိုယ်စားလှယ်၏ နှုတ်ခွန်းဆက်သဝဏ်လွှာအား ကော့သောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး စီမံချက်မန်နေဂျာ ဒေါ်ဒီဘိုးရာက ဖတ်ကြားခဲ့သည်။

ယင်းနေ့ကပြုလုပ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (၂၆) ကြိမ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနား၌ ကျောင်းသား၊ ကျောင်းသူများက ကလေးသူငယ်ဆိုင်ရာ အသိပညာပေးတစ်ခန်းရပ်သရုပ်ပြများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ ကလေးသူငယ်များ အသက်ရှင်သန်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ၊ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများ တစ်ပြေးညီရရှိရေး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအကူအညီဖြင့် ကမ္ဘာနှင့်တစ်ဝန်း နိုင်ငံတိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ကချင်ပြည်နယ် ဆဒုံးဒေသနှင့် ချီဖွေဒေသထွက် ဆေးဖက်ဝင်သစ်ကြားသီးများ အရောင်းသွက်

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**



ကချင်ပြည်နယ် ဆဒုံးမြို့နယ်(ခွဲ)နှင့် ချီဖွေမြို့နယ်တို့မှ စီးပွားဖြစ်စိုက်ပျိုးကြသည့် ဆေးဖက်ဝင်သစ်ကြားသီးသည် မြစ်ကြီးနားဈေးကွက်သို့ ဝင်ရောက်ကာ အိမ်အပြန် လက်ဆောင်အဖြစ်နှင့် ဆေးဖက်ဝင်အဖြစ် စားသုံးကြသူများ ဝယ်ယူလျက်ရှိကြောင်းသိရသည်။

သစ်ကြားသီးကို ကချင်ပြည်နယ် အတွင်း အဓိကဝယ်ယူစားသုံးကြပြီး ဝယ်ယူစားသုံးသူများ၏ ပြောပြချက်အရ သစ်ကြားသီးကို အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် သန္ဓေသား ဦးနှောက်ဖွံ့ဖြိုးရန် ကိုယ်ဝန်ဆောင်အမျိုးသမီးများ စားသုံးကြရပြီး ကလေးများကို လေးနှစ်သားအရွယ်မှ စတင်ကာ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးရန်အတွက် ကျွေးရကြောင်းနှင့် တရုတ်တိုင်းရင်းဆေးပညာအရ အားပြည့်စေခြင်း၊ သလိပ်ပျော်စေခြင်း၊ ကျောက်ကပ်၊ အူ၊ ဦးနှောက် စသည်တို့ကို အကျိုးရှိစေခြင်း၊ ချောင်းဆိုးခြင်း၊ ခါးနာခြင်း အစရှိသည်တို့ကို ပျောက်ကင်းသောကြောင့် တရုတ်လူမျိုးများနှင့် ကချင်တိုင်းရင်းသားများက အများဆုံး စားသုံးလေ့ရှိကြသည်ဟု သိရသည်။

အဆိုပါ သစ်ကြားသီးစိုက်ပျိုးကြသည့် ဒေသတွင် မိုးရွာသွန်းမှုများပြားပြီး နေရောင်ခြည်ရှိမှု နည်းပါးသည့်အတွက် သစ်ကြားသီးများကိုစတင်၍ အသီးများကို ခြွေကာ တာရှည်အထားခံရန်အတွက် မီးနှင့်အခြောက်ခံပြီး ဈေးကွက်တွင် တစ်လုံးလျှင် ငွေကျပ် ၁၀၀ ဖြင့်ရောင်းချလျက်ရှိကြောင်း သိရသည်။

သစ်ကြားသီးများကို နှစ်စဉ် ကချင်ပြည်နယ်မိုးကောင်း၊ ဖါးကန့်၊ တာမခံ၊ တနိုင်းဒေသရှိ ရွှေမော်၊ ကျောက်စိမ်းမော်၊ ပယင်းမော်တို့နှင့် ဗန်းမော်မြို့နယ်တို့ကို များစွာရောင်းချရကြောင်း ယခုနှစ်တွင် မြစ်ကြီးနား၊ မန္တလေး၊ ဖြူးမြို့တို့ကို အဓိက အားထားရောင်းချလျက်ရှိကြောင်း ဆဒုံးမြို့နယ်(ခွဲ) သစ်ကြားသီး စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

သစ်ကြားသီးသည် သဘာဝကပေးထားသည့် လီနိုလယ်နင်အက်စစ်ပါဝင်နှုန်းမှာ အလွန်မြင့်မားကြောင်းနှင့် သစ်ကြားသီးထဲတွင် ဗီတာမင်အေ၊ ဘီ၊ စီ၊အီးတို့အလွန်ကြွယ်ဝပြီး လူခန္ဓာကိုယ်အတွက် လိုအပ်သည့် ကယ်လ်ဆီယမ်ဓာတ်၊ မဂ္ဂနီဆီယံဓာတ်၊ သံဓာတ်စသည်တို့ကိုလည်း အမြောက်အမြားပါဝင်ကာ ဦးနှောက်ကို အားဖြည့်ခြင်း၊ သွေးကြောများ ပျော့စေခြင်းအိုမင်းခြင်းမှကာကွယ်ခြင်း၊ အသားအရေကို ချောမွေ့စေခြင်း၊ အသက်ရှည်ခြင်း စသည့်ဂုဏ်သတ္တိများလည်းရှိသည့်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက အာဟာရပြည့်စုံကြောင်း အသိအမှတ်ပြုခြင်းခံရသည် ဟုသိရသည်။

**စိုင်းလှုမင်း**

## မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ၂၀၁၅

မန္တလေးဒေသကောလိပ်တွင် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း တက်ရောက် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ် အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံးတက်ရောက်နိုင်ရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။

**နေရာ ။ ။ မန္တလေးတိုင်းဒေသကြီး ကုန်သည်များ နှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ**

**အချိန် ။ ။၂၀၁၅ ဒီဇင်ဘာ (၁၁) ရက် မွန်းလွဲ (၂) နာရီ မှ ညနေ (၄) နာရီထိ။**

အလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်ပါဝင်ဆောင်ရွက်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ၂၀၁၅ ဒီဇင်ဘာလ(၄)ရက် နောက်ဆုံးထား၍ ဖောင်ဒေးရှင်းရုံးခန်းတွင် စာရင်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည်များရှိပါက ၂၀၁၅ ဒီဇင်ဘာ (၁၀) ရက်နေ့ နောက်ဆုံးထားပြီး ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်းယာယီအလုပ်အမှုဆောင် ကော်မတီ
မင်္ဂလာဈေးပထမထပ်၊ ၇၃လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၉ ၉၇၇၉၀၄၁၉၉

# ငွေကျပ် ၁၅ ဘီလီယံတန်ဖိုးရှိ River View Point Tower လုပ်ငန်းအပ်နှံ၍ အခန်းဝယ်ယူထားသူများအား သော့များစတင်အပ်နှံ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီ လီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်လိုက်သော ငွေကျပ် ၁၅ ဘီလီယံတန်ဖိုးရှိ River View Point Tower လုပ်ငန်း အပ်နှံခြင်းနှင့် အခန်းဝယ်ယူထားသူများအား သော့အပ်နှံခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက River View Point Tower ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ River View Point Tower မှာ ကြည့်မြင်တိုင် ကမ်းနားလမ်းနှင့် အလုံ သစ်တောလမ်းထောင့်၌ တည်ရှိပြီး စင်ကာပူနိုင်ငံမှ နည်းပညာဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဓိကထူးခြားချက်မှာ အဆိုပါခေတ်မီအဆောက်အအုံတွင် နေထိုင်ကြမည့် အိမ်ခန်းနေပြည်သူများအတွက် စတုတ္ထထပ်၌ ရေကူးကန်များ၊ ကလေးကစားစရာကွင်းများ၊ အားကစားလေ့ကျင့်ခန်းများ၊ စာကြည့်တိုက်များနှင့် Coffee House များပါဝင်ကြောင်း သိရသည်။

ရေကူးကန်အတွက် လုံခြုံမှုရှိအောင်ဆောင်ရွက်ထားရှိပြီး ကန်သန့်ရှင်းရေးအတွက် သန့်ရှင်းရေးအလုပ်သမားများ ထားရှိမည်ဖြစ်သည်။ တိုက်ခန်းနေပြည်သူများ အမှိုက်စွန့်ပစ်မှုအဆင်ပြေစေရေးအတွက်လည်း နိုင်ငံတကာနည်းတူ အထပ်အသီးသီးတွင် အမှိုက်စွန့်ပစ်ပိုက်လိုင်းများထားရှိပြီး ပိုက်လိုင်းမှ တစ်ဆင့် လျှောဆင်းလာမည့် အမှိုက်များကို တိုက်ခန်းသန့်ရှင်းရေးဝန်ထမ်းများမှ စနစ်တကျ သိမ်းဆည်းစုပုံသွားမည်ဖြစ်ကာ ထိုမှတစ်ဆင့် မြို့တော်စည်ပင်မှ အမှိုက်များကို စနစ်တကျ သိမ်းဆည်းရှင်းလင်းသွားမည်ဖြစ်သည်။

အဆောက်အအုံ A မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဖြစ်ပြီး B မှာ Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှပိုင်ဆိုင်ကာ အဆောက်အအုံ A နှင့် B တို့တွင် အခန်းပေါင်း ၅၅ ခန်း စီပါဝင်ပြီး Basement နှင့် ပန့်ဟောက်စ်ခြောက်လုံး အပါအဝင် အထပ်အားဖြင့် ၁၂ ထပ်ခွဲရှိကြောင်းသိရသည်။

လက်ရှိဆောက်လုပ်ပြီးစီးသွားသည့် River View Point Tower ၏ မြေနေရာအကျယ်အဝန်း ဧရိယာမှာ ပေ ၃၅၀ နှင့် ၁၀၂ ပေ အကျယ်အဝန်းရှိသည်။ River View Point Tower ၏ အခန်းများဖွဲ့စည်းပုံအရ စတုရန်းပေ ၁၈၈၀ နှင့် စတုရန်းပေ ၁၉၅၀ နှစ်မျိုးနှစ်စားရှိသည်။ အိမ်ခန်းနေပြည်သူများ လုံခြုံစိတ်ချစေရေးအတွက် လုံလောက်စွာစီမံထားရှိပြီး စီစီတီဗွီကင်မရာများအား နေရာအသီးသီး၌ တပ်ဆင်ဆောင်ရွက်ထားသည်။ အဆောက်အအုံအတွင်း ဓာတ်လှေခါး ခုနစ်စင်းထားရှိပြီးတာဝါ A နှင့် တာဝါ B ၌ တစ်လုံးစီထားရှိကာ တတိယထပ်တွင် ဧရာဝတီဘဏ်ရှိမည်ဖြစ်သည်။

Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က "ခုဆောက်လုပ်ထားတဲ့နေရာ ကယခင်က စည်ပင်အုပ်ချုပ်ရေးမှူး ရုံးပါ။ ဒီနေ့ခေတ်အခါမှာ ခေတ်မီတိုက်တာအဆောက်အအုံတွေ ဆောက်လုပ်လာကြပြီဆိုတော့ ခေတ်မီ နည်းစနစ်ဖြင့် ဆောက်လုပ်ထားတဲ့ ကျွန်တော်တို့ တိုက်တစ်လုံးကိုလည်းခုဆို အောင်မြင်စွာဆောက်လုပ်ပြီးစီးသွားပါပြီ။ ဒါကြောင့် အခန်းပိုင်ရှင်တွေကို အုံနာဘုတ်နဲ့ သော့အပ်နှံလိုက်တာပါ။ ခုလိုအိမ်ခြံမြေဈေးကွက် ကျဆင်းနေတဲ့အချိန်မှာ ပြီးစီးအောင်လုပ်ဖို့ ဆိုတာက မလွယ်ပါဘူး။ ခုတော့ အောင်မြင်စွာဆောက်လုပ်ပြီးစီးသွားပါပြီ" ဟုရှင်းပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုက်သော အဆိုပါ River View Point Tower ရှိ နေထိုင်ကြသူများအတွက် နေအိမ်တိုက်ခန်းများအတွင်း အရည်အသွေးမြင့် ရေသန့်များထားရှိ လုပ်ဆောင်ထားကြောင်း၊ ထို့အပြင် အဆိုပါ River View Point Tower ဆောက်လုပ်ရန်အတွက် အင်ဂျင်နီယာများနှင့် အလုပ်သမား ဦးရေ ၂၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်းသိရကာ အဆောက်အအုံ A နှင့် B ဆောက်လုပ်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းက စီမံကိန်းအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(MLA)**



## ပြည်သူ့ဝန်ဆောင်မှုရုံးလုပ်ငန်း (One Stop Shop) ငဖဲမြို့၌ဖွင့်လှစ်

**ငဖဲ နိုဝင်ဘာ ၂၂**

မင်းဘူးခရိုင် ငဖဲမြို့နယ်စုပေါင်းရုံးတွင် ပြည်သူ့ဝန်ဆောင်မှုရုံးလုပ်ငန်း One Stop Shop ဖွင့်ပွဲအခမ်းအနားအား နိုဝင်ဘာ ၂၀ ရက်၊ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ကြီးရှိန် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က ရုံးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ငဖဲမြို့နယ်တွင် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူက အစိုးရနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ကြီးရှိန်တို့သည် ရုံးခန်းအားဖွင့်လှစ်ပေးခဲ့သည်။

**ဧယျတု(မကွေး)**


" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်-( ၃၃၃ )တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော NCX Myanmar Co., Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အမှတ်တံဆိပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခဲ့ပြီး ဖြစ်ပါသည်။

NCX

IV- ၁၈၅၆၂/၂၀၁၄

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " NCX " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ NCX Myanmar Co., Ltd. သည် " Tyre အမျိုးမျိုး၊ Tube အမျိုးမျိုး၊ Battery အမျိုးမျိုး၊ Chain အမျိုးမျိုး၊ Sprocket Set အမျိုးမျိုး၊ မီးသီးအမျိုးမျိုး၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ၊ ချောဆီ၊ စက်ဆီ၊ အင်ဂျင်ဆီ၊ အားဖြည့်စက်ဆီ၊ အမဲဆီ၊ Lubricants အမျိုးမျိုး၊ လယ်သာပေါလစ်အမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်အပိုပစ္စည်းအမျိုးမျိုး၊ မော်တော်ကားနှင့် ဆက်စပ်အပိုပစ္စည်းအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့်မော်တော်ကားအလှဆင်ပစ္စည်းအမျိုးမျိုး " တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်၍ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအီးနုစ်(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၃၉၇၂၃၄ ၊ ၂၉၆၁၃၂ ။



FAME

အရိုးများကြံ့ခိုင်သန်မာဖို့အတွက်

Osteomax®

TMR 011384 (0615)

၂/၂၀၁၅ တဆကထလ/ထိုင်(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

အဆစ်အမျက်အားဖြည့်ဖို့အတွက်

Arthrotec®

TMR 011382 (0615)

၂/၂၀၁၅ တဆကထလ/ထိုင်(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHINICAL CAR PARKING













TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon

T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့

Shangri-La Hotel - Grand Ballroom ၌ကျင်းပပြုလုပ်သော

(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီး အစည်းအဝေးပွဲ၏

ASEAN Winner for the ASEAN Business Awards (2015)

အာဆီယံစီးပွားရေးထူးချွန် ဆုချီးမြှင့်ပွဲတွင်

အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက်

**အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင်-ပထမဆု**

**(ASEAN Woman Entrepreneur of the Year 2015 Award)**ကို

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ်

**"KBZ BANK နှင့် KBZ Group of Companies" ၏ဒုတိယဥက္ကဋ္ဌ**

**"သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**

**ဒေါ်နန်းသန်းထွေး - လူမှုထူးချွန်ပထမဆင့်"**

မှလက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . .

ant group အောင်မြင်သူ

ဦးစောငြိမ်း၊ ဦးလှမျိုး၊ ဦးမင်းသန့်
အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက်


SAMSUNG
Galaxy S6 edge+ | Note5
NEXT IS NOW
Live Broadcast
Wireless & fast charging accessories
14 nm processor
600 cd/m²
Dual SIM
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG

KBZ BANK

## (၃၅၃) ဘဏ်မြောက်

# အလုံ – ထော်လီကွေ့ဘဏ်ခွဲ၊ ရန်ကုန်ဘဏ်ခွဲ (၈၄)

အမှတ်(၄၃/၄၄)၊ (A- 4/A)၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၃၁၇၈၀၄၊ ဖက်စ်(၀၁) ၂၃၁၇၈၀၃

## (၃၅၄) ဘဏ်မြောက်

# ရွှေညောင်ပင်ဘဏ်ခွဲ – ဘားအံဘဏ်ခွဲ (၂)

အမှတ်(၂၃)၊ မိုလ်ချုပ်လမ်း၊ ရွှေညောင်ပင်၊ (၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
ဖုန်း(၀၅၈) ၂၃၄၄၇/ ၄၈/ ၄၉၊ ဖက်စ်(၀၅၈) ၂၃၄၅၀/ ၅၁/ ၅၂

## (၃၅၅) ဘဏ်မြောက်

# ဆိပ်ကမ်းသာလမ်း (လွှစ္စလမ်း) ဘဏ်ခွဲ၊ ရန်ကုန်ဘဏ်ခွဲ (၈၅)

အမှတ်(၁၃၁)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၇၁၇၀၃/ ၀၄/ ၀၅၊ ဖက်စ်(၀၁)၃၇၁၀၄၀/ ၄၁

## (၃၅၆) ဘဏ်မြောက်

# မန္တလေး – မဟာမြိုင်ဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ (၂၈)

အမှတ်(၇၂/ ခ)၊ (၆၉)လမ်း၊ (၄၁× ၄၂)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၆၂၀၃၅၊ ၆၂၀၅၄၊ ဖက်စ်(၀၂)၆၂၀၅၇/ ၅၈

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## ကြော်ငြာ

### မန္တလေးမြို့ နိုင်ငံတကာအဆင့်မြင့်ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေး (၃)ထပ်ခွဲ Shop House လူနေဆိုင်ခန်းများ ရောင်းချခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာအုပ်စုအတွင်း တည်ဆောက်နေသော နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေး ဆိုင်ခန်းများ ရောင်းချရေးအတွက် **(၁) အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီ၊ (၂)ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ၊ (၃)တော်ဝင်မြန်မာဆောက်လုပ်ရေးကုမ္ပဏီ၊(၄) ယူနိုက်တက် ရွှိုင်ရယ်အာရှဆောက်လုပ်ရေးကုမ္ပဏီ၊ (၅)တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**တို့၏ Marketing Department သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယခင်ဆိုင်ခန်းများနေရာချထားရေး ကြီးကြပ်မှုကော်မတီက ၂၅-၁-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ Shop House လူနေဆိုင်ခန်းများ ဝယ်ယူရန် အဆိုပြုစာရင်းသွင်း Slip ပုံစံများ ထုတ်ပေးပြီးဖြစ်ပါသည်။

၃။ ဆိုင်ခန်းစာရင်းသွင်းပုံစံ (Slip) ရရှိထားသည့် ပိုင်ရှင်များသည် ဆိုင်ခန်းများရောင်းချရေး (Marketing Department)သို့ ၂၂-၁၁-၂၀၁၅ ရက်မှ ၄-၁၂-၂၀၁၅ ရက်ထိ နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း လာရောက်ဆက်သွယ်ရပါမည်။ Marketing Department မှ ရောင်းချရေးဌာနတွင် သတ်မှတ်ထားသော စည်းကမ်းချက်များအား ဖတ်ရှုပြီး သဘောတူပါက စည်းကမ်းချက်တွင် လက်မှတ်ရေးထိုးရပါမည်။ စည်းကမ်းချက်များကို သဘောတူပြီး လက်မှတ်ရေးထိုးသူများကို **"ဘဏ်ငွေသွင်းခွင့်ချလန်"** ထုတ်ပေးပါမည်။

၄။ Shop House လူနေဆိုင်ခန်း အကျယ်အဝန်း ပေ(၂၀×၃၀) (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း(၅၀၀)နှင့် ပေ(၃၀×၃၅) (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၈၀၀)ကို ၂၂-၁၁-၂၀၁၅ ရက်မှ ၄-၁၂-၂၀၁၅ ရက်အထိ နောက်ဆုံးထားပေးသွင်းရပါမည်။

၅။ ၆-၁၂-၂၀၁၅ရက် နံနက် ၉နာရီမှစတင်၍ ငွေပေးသွင်းပြီးသူများထဲမှ အမှန်တကယ် ကျောက်မျက်ရောင်းချသူများကို စိစစ်၍ ဦးစားပေးမဲစနစ်ဖြင့် ရောင်းချပြီးမှ ကျန်သူများကို မဲစနစ်ဖြင့် ရောင်းချမည့် အစီအစဉ်များ ထားရှိပါသည်။ အကယ်၍ ဆိုင်ခန်းလျှောက်ထားသူများပြားပြီး မဲမပေါက်သူများ၏ ကြိုတင်ငွေများကို ၈-၁၂-၂၀၁၅ရက်မှစ၍ ပြန်လည်ထုတ်ပေးပါမည်။ Shop House လူနေဆိုင်ခန်းစလစ်ပြား ရယူထားသူများအနေဖြင့် ၄-၁၂-၂၀၁၅ရက်ထိ နောက်ဆုံးထား၍ ကြိုတင်ငွေပေးသွင်းမှုမရှိပါက Shop House လူနေဆိုင်ခန်း ဝယ်ယူရန် အဆိုပြုထားသော စလစ်ပြားပိုင်ရှင်များအား ဆိုင်ခန်းဝယ်ယူခွင့် ပယ်ဖျက်ပြီးဖြစ်ပါသည်။

၆။ စလစ်ပြားရယူထားသူများအနေဖြင့် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလမတိုင်မီကရရှိထားသော **"လုပ်ငန်းလိုင်စင်မူရင်း"** သန်းခေါင်စာရင်း(မူရင်း+မိတ္တူ)နှင့် နိုင်ငံသားမှတ်ပုံတင်(မူရင်း+မိတ္တူ)များ ယူဆောင်လာရပါမည်။

**သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။**

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စုံစမ်းရန်ဌာန** - သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၂-၂၄၉၆၃
- တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Marketing Department ကျောက်စိမ်းဘုရားအနီး၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်းဘေး။

Phone - 09-792727372, 09-792727375, 09-792727376, 09-792727378, 09-792727379

http://www.facebook.com/jadeandGemModernMarketComplex သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မန်ကောက်ပတ္တရား (6D/5N) Dec.29~Jan.03 USD-650
ပေကျင်း၊ရှန်ဟိုင်း (7D/6N) Dec.25~31 USD-1480
ဝင်ကာပူ (4D/3N) Dec.29~Jan.01 USD-699
ကိုရီးယား (8D/7N) Dec.26~Jan.02 USD-2100
မီယက်နမ် (6D/5N) Dec.22~27 USD-890
ဘာလီ၊ဝင်ကာပူ (7D/6N) Dec.25~31 USD-1500
မကာအို၊ဟောင်ကောင် (7D/6N) Dec.25~31 USD-1500
ဒူဘိုင်း (6D/5N) Dec.28~Jan.02 USD-2200
ဂျပန် (8D/7N) Dec.28~Jan.04 USD-2700
ဩစတြေးလျ (10D/9N) Dec.24~Jan.02 USD-4800
အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ ဖက်(စ်) ၀၁ – ၂၅၀၇၃၄၊ ၃၇၈၁၂၇၊ ၃၇၈၅၀၃

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

အမြန်ပြန်လာပါ
ဦးငွေးအောင် [၈/မမန(နိုင်)၀၁၃၃၃၇]
အိမ်ကို အမြန်ဆုံးပြန်လာပါ။
ဖနီးနှင့်သမီးများအားလုံး စိတ်ပူနေသည်။
**ဇနီး-ဒေါ်တင်နိုင်**
**[၈/မမန(နိုင်)၀၀၉၄၈၆]**

KMD Institute
နိုဝင်ဘာလ - ၂၄ ရက်၊ ၂၀၁၅။ (အင်္ဂါနေ့) (၁)ရက်တည်းသာ
ISO
ကွန်ပျူတာသင်တန်းအပ်နှံခွင့်
ဖလာဖပါကံစမ်းမဲအစီအစဉ်....
Application & Professional Courses
15% DISCOUNT To 50% DISCOUNT
HOT LINE 09 262 600450
ပန်းဆိုးတန်း ၃၈၁၀၃၅ ၃၉၁၂၈၆
မြေနီကုန်း ၅၂၇၄၃၆ ၅၀၂၂၃၇
လမ်းမတော် ၂၂၀၅၅၅ ၂၃၀၃၀၈၁
တာမွေ(၁)၊(၂) ၅၄၁၃၂၈ ၅၄၆၆၀၀
လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၅၃၉၉
သိမ်ကြီးဈေး ၃၈၄၂၆၈ ၃၈၄၆၄၁
ကမ္ဘာအေး ၆၆၀၈၈၇

CONSTRUCTION, POWER & MINING Myanmar 2015
The 3rd International Construction, Power & Mining Exhibition
Visit
The 3rd international exhibition for the building & construction, electrical power & renewable energy and mining & minerals recovery for Myanmar.
Including: • Over 160 leading companies from around the world
• 6 international groups from China, France, Germany, Korea, Singapore and Taiwan
• Industry Conferences & Seminars
26-28 November 2015 Myanmar Convention Centre (MCC) Yangon • 9.00-17.00 Hrs.



Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com
Supported by
Acknowledged by
Platinum Sponsor Z&A
Gold Sponsor SANY
Supporting Media
Organised by

## ကြော်ငြာ

**GOLDEN STAR** Travels & Tours

- ပုဂံ (စွယ်တော်လေးဆူ)–ပုပ္ပါး–ပခုက္ကူ Nov-20,25
- မန္တလေး–ပြင်ဦးလွင်–စစ်ကိုင်း–မင်းကွန်း Nov-20,25
- တောင်ကြီး–အင်းလေး–ပင်းတယ–ကက္ကူ Nov-20,25

ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် ခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

Ph:01-703448, 209200, 544383, 09-5081580

**ရွှေလမ်းခရီး... တန်ဆောင်မုန်းလ**

*တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး၊ ပင်းတယ၊ (ထမ့်စမ်း)၊ ကုံလုံ၊ ကလော။
*ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ ဝေရောစနကျောက်စိမ်းစေတီ။
*ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်စိမ်းစေတီ၊ ဒီးဒုတ်ရေပြာအိုင်။
*ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ။ *ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ။
*ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ *မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ
(ခရီးစဉ်တိုင်း Hotel တည်း စီစဉ်ပေးပါသည်။) **Nov 20,24,25,27 ထွက်မည်**
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/ စက်လှေခ၊ တည်းခိုခန်းခ ဓရိုက်ငြိမ်း)
*ကျိုက်ထီးရိုး* ပြည် အကောက်တောင် * ဇလွန်ပြည်တော်ပြန် * ချောင်းသာ
အမှတ်(၃၁၇)၊ ပန်းဆိုးတန်းလမ်း 095124678, 098627170, 09401589907

**ချမ်းမြေ့မြိုင်ရိပ်သာကျောင်း**

**(၁၈)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ**

(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့နေ ဦးဇော်မင်း-ဒေါ်နုယမင်းခင် မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် ကျွန်တော်များချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်လျက် ပင့်သံဃာ(၁၀၀)တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်း၍ လှူဒါန်းကြမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စေတနာရှင် ဓမ္မမိတ်ဆွေများအနေဖြင့် အောက်ပါအလှူတော်များကို မိမိတို့တတ်စွမ်းနိုင်သမျှပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကထိန်ကာလမြတ်ဒါန**

| | |
|---|---|
| (၁) သံဃာတစ်ပါးလျှင် ကထိန်သင်္ကန်း ၁စုံ | (၃၀၀၀ိ/) |
| (၂) ကထိန်ဆွမ်းအလှူ | (၁၀၀၀ိ/) |
| (၃) ပစ္စည်းလေးပါးပဒေသာပင် | (၁၀၀၀ိ/) |
| (၄) စာရေးတံမဲ(၁)မဲလျှင် အနည်းဆုံး | (၁၀၀၀၀ိ/) |

မိမိတို့တတ်စွမ်းသမျှ ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါသည်။

**မျှော်ဝိုးသား** ဂိတ်(၂)နှစ်ပြည့်တန်ဆောင်တိုင်အထူးခရီးစဉ်

တောင်ကြီးမီးပုံးပျံ၊ အင်းလေး၊ ပင်းတယ၊ ထမ်ဆမ်းမွေတော်ကက္ကူ၊ ဘုရားစုံ(ကျောင်းတည်း)(၃)ညအိပ်(၄)ရက်စားငြိမ်း(၅၀၀၀ဝိ)ဆက်၍လွိုင်ကော်တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ငွေတောင်ဆည်၊ ဘုရားစုံ(၄)ညအိပ်(၅)ရက်စားငြိမ်း(၆၀၀၀ဝိ) ကျိုက်(၅)ကျိုက်(ကျိုက္ကမီ၊ ကျိုက်သလွံ၊ ကျိုက်မရော၊ ကျိုက်ပေါလောမုံ့ရှင်၊ ကျိုက်ထီးဆောင်း)စက်စဲ၊ ဇင်းကျိုက်ရေတံခွန်၊ လမ်းဘုရားစုံ(သောကြာညသွားတနင်္ဂနွေညပြန်ရောက်)(တည်းခိုခန်းတည်း-ဆိုင်ထမင်းကျွေး)(စားတည်းငြိမ်း-၃၅၀၀ဝိ) ကောင်းသောဝန်ဆောင်မှုဖြင့်ကားစီးလိုးငှား/စီစဉ်ပေးသည်။(သောကြာအပတ်စဉ်ခရီးစဉ်များရှိပါသည်။

Ph:09425334456,09252606649,0949323965

**ငွေစင်သွန်း Travel & Tour**

| | | |
|---|---|---|
| ➤ တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး | Nov 25 | 120000Ks/650000Ks |
| ➤ တောင်ငူ၊ သံတောင်ကြီး၊ ဖိုးကျားဆင်စခန်း | Nov 25,28 | 35000Ks |
| ➤ ကရင်ပြည်နယ်၊ ဘားအံ၊ ကျုံထော်(ရေတံခွန်) | Nov 25,28 | 35000Ks |

Ph: 09-5144756, 09-420123819, 09-420256279

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ၁။ Cashier | မ(၁)ဦး |
| ၂။ Reception | မ(၁)ဦး |
| ၃။ Head Waiter | ကျား(၁)ဦး |
| ၄။ Waiter/Waitress | ကျား/မ(၅)ဦး |

အမှတ်စဉ်အားလုံးအတွက် နေ၊ စားငြိမ်း၊ စိတ်ဝင်စားသူသည် နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
အမှတ်(၂၀)၊ အောင်ဇေယျလမ်း၊ (UAB Bank)ဘေး၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၉-၂၆၂ ၈၈၈ ၈၅၈၊ ၀၉-၇၈၉ ၈၈၈ ၈၅၈

နိုင်ငံတကာ ဟိုတယ်ကြီးများ၊ သဘော်လိုင်းများ၊ စားသောက်ဆိုင်များတွင် လုပ်ကိုင်လိုသူများအတွက်

**Professional Food and Beverage Service Course Level II**



နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာများကိုယ်တိုင် လေ့ကျင့်သင်ကြားပေးပါသည်။

လျှောက်လွှာပိတ်ရက် (၃၀.၁၁.၂၀၁၅)

STAR RESOURCES ACADEMY
Star Resources Academy အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း (ဒဂုံစင်တာ ၂ ရှေ့)၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း- ၀၁ ၅၂၃ ၂၀၀၊ ၂၃၀ ၄၀ ၂၀၊ ၂၃၀ ၄၀ ၂၁၊ ၀၉ ၅၀ ၂၀ ၃၀၂ wed-www.star-resourcesacademy.com

**LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်**

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125 — ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. — Certificate TH06/3966.02



**SAMSUNG Galaxy**

သုံးစွဲသူများ အတွက် အထူးအခွင့်အရေး

Galaxy Gift အသုံးပြုသူများသာ ရရှိနိုင်သော အထူးကံစမ်း အစီအစဉ်

Samsung ဖုန်းသုံးစွဲသူများအတွက် အပိုအခွင့်အရေးများနှင့် Discount များ ရယူနိုင်ဖို့ Galaxy Gift အက်ပလီကေးရှင်း ကို အသုံးပြုရင်း

**SAMSUNG Galaxy Note5**

များစွာ ထပ်မံ ကံထူးနိုင်မည့် အခွင့်အရေး လာပါပြီ။

ဘယ်လို ကံစမ်းကြမလဲ



- အဆင့်(၁) Play Store သို့သွားပြီး Galaxy Gift ကိုရယူပါ။
- အဆင့်(၂) Samsung Device များဖြင့် Galaxy Gift ကို စာရင်းသွင်းပါ။
- အဆင့်(၃) Lucky Draw Campaign ကိုရွေးချယ်ပါ။
- အဆင့်(၄) ကံထူးနိုင်မည့် အခွင့်အရေး ခလုတ်ကို နှိပ်ပါ။
- အဆင့်(၅) အကျိုးခံစားခွင့်နှင့် ပတ်သတ်သော မက်ဆေ့ချ်ကို ရရှိမည်ဖြစ်ပြီး Samsung Galaxy Gift Myanmar အက်ပလီကေးရှင်း မှတဆင့် ကံထူးသူအား ကြေငြာပေးသွားပါမည်။

- Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတိုင်းအတွက် Samsung Galaxy Note 5 ကို (၆) ကြိမ်တိုင်တိုင် ကံထူးနိုင်မည့် အထူးအခွင့်အရေး ဖြစ်သည်။
- ယခု ကံစမ်းအစီအစဉ်ကို နှစ်ပတ်တစ်ကြိမ် ပြုလုပ်သွားပါမည်။
- နီးစပ်ရာ Samsung Brand Shops များမှဝန်ထမ်းများကို လည်းအသေးစိတ်အချက်အလက်များမေးမြန်းနိုင်သည်။
- ကံထူးနိုင်မည့် အခွင့်အရေး ခလုတ်ကို နှိပ်ပြီး ယခု ကံစမ်းအစီအစဉ်တွင် အလွယ်တကူ ပါဝင်နိုင်ပါသည်။
- Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတစ်ဦးသည် နှစ်ပတ်လျှင် တစ်ကြိမ်သာ ကံစမ်းနိုင်သည်။
- Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းသာ နှင့် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

www.facebook.com/samsungmobilemyanmar

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

SAMSUNG

## Pleasant Times Travels & Tours

**Scania & Man Coach**

Release Your stress with Pleasant Times

- တောင်ကြီး မီးပုံးပျံပွဲ (Nov:25) (Dec:24)
- ပုဂံ - စွယ်တော်လေးဆူ (Dec:24)
- ထားဝယ်-ရှင်ကိုးရှင် with Flight (Dec:24)
- မန္တလေး-ပြင်ဦးလွင်-မင်းကွန်း-ကျောက်စိမ်းဘုရား(Dec:24)
- မော်လမြိုင်-ဘားအံ-ကျိုက်ထီးရိုး-ကျိုက်ထော်ရေတံခွန်(Dec:24)

**နေ့ချင်းပြန် ခရီးစဉ်များ**
(Nov: 25,28 Dec: 5,12,19,24)
- ပြည် (အကောက်တောင်)
- သထုံ - မဲလ်တောင် - ရေပူစမ်း
- ဘားအံ - ကျိုက်ထော်ရေတံခွန်
- တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
- မန္တလေး-ကျောက်စိမ်းဘုရား-ဒီးဒုတ်ရေပြာအိုင်

အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့.
**Tel: 09-73158702, 09-73072661, 01-500993, 09-252872529**

---

### ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး
### ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
- စတင်ရောင်းချမည့်ရက် - ၁၉-၁၁-၂၀၁၅ရက်
- တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၁၂-၂၀၁၅ရက်(ညနေ ၄နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း ၀၄၂-၇၀၄၉၂**

---

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

---

### ကွန်ဒိုငှားမည်

ဒဂုံ(၁)ရှေ့၊ ဂရင်းနဝဒေးကွန်ဒို၊ 2050 SF, 2MB, 1BR, 5AC, ကိုရီးယားပါကေး၊ Water Heater, Fully-furnished၊ ကားပါကင်ပါ။
Ph:09-5162238, 09-799991520

---

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) (၂)နှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး)တို့တွင် ဖွင့်လှစ်မည့် **"သွားကျန်းမာရေးသူနာပြုဒီပလိုမာ(Diploma in Dental Nursing) သင်တန်း"** သို့ တက်ရောက်ရန် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (သိပ္ပံတွဲ)ဖြင့် အောင်မြင်သူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် ၃၁-၁၂-၂၀၁၅ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ **(အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်။)**
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ခွင့်ရရှိပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ်(၃)နှစ်ဆက်လက် တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း နိုင်ငံတော်မှအခါအားလျော်စွာ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရန် ကတိခံဝန်ချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပြည့်စုံစွာဖော်ပြရမည်။
- (က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်။
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)။
- (ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်။
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်။
- (စ) ဝန်ထမ်းဖြစ်ပါက လက်ရှိ ရာထူး/ဌာန။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာ အထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မိတ္တူ)(၁)စောင်။
- (ခ) နိုင်ငံသား စိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်။
- (ဂ) နိုင်ငံရေးနှင့်ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာ(မူရင်း) တစ်စောင်။
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း)(၁)စောင်။
- (င) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း)(၁)စောင်။
- (စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ကျောဘက်တွင် အမည်နှင့် မှတ်ပုံတင်အမှတ်ဖော်ပြရန်။
- (ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ**(မူရင်း)(၁)စောင်။**

